# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 7 October 2025 ၁၁၉၆၃


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီး ဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၆**

ယနေ့သည် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီး ဘုရား၊ စေတီများ၌ အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားများကို ကျင်းပကြရာ အဘိဓမ္မာဒေသနာတော် တရားသံများဖြင့် အေးချမ်းသာယာလျက်ရှိပြီး ကုသိုလ်ကောင်းမှုပြုကြသူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

**သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲကျင်းပ**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)ရေစက်ချ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့်


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍




သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။


ယနေ့ ဖတ်စရာ

**တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးများ ရွေးချယ်ခြင်းနှင့် စပါးမျိုးသစ် မိတ်ဆက်ပွဲကျင်းပ** စာမျက်နှာ » ၃

**ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ** ဆောင်းပါး စာမျက်နှာ » ၆

**နှုတ်မြိန်စေသော သံခင်းတမန်ခင်း** ဆောင်းပါး စာမျက်နှာ » ၁၀

**ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ပြည်သူ လေးသောင်းကျော် လာရောက်ဖူးမြော်** စာမျက်နှာ » ၂၀

ကြေးမုံ

# အမျိုးသားယဉ်ကျေးမှုလက္ခဏာမြှင့်တင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို (၁) မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ (၂) ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ (၃) မြန်မာ့ရိုးရာ အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေးနှင့် (၄) နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဦးတည်ချက်(၄)ရပ်ဖြင့် နေပြည်တော်တွင် နိုင်ငံတော်အဆင့် စတင်ကျင်းပနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၊ မြန်မာလူမျိုးများ၏ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများကို ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်လာသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းက ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်သည်။ သိမ်မွေ့နက်နဲပြီး နှစ်လိုဖွယ်ကောင်းသော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကြားတွင်သာမက နိုင်ငံတကာကပါ တန်ဖိုးထားနှစ်သက်မြတ်နိုးကြသဖြင့် ယနေ့ထက်တိုင်အောင် လက်ဆင့်ကမ်းအမွေပေးဝေ၍ ထိန်းသိမ်းစောင့်ရှောက် ဖော်ထုတ်နေသည်ကို မြင်တွေ့နိုင်သည်။

အဆင့်အတန်းမြင့်မားသော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များသည် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာကောင်းသလို မြန်မာဆိုသည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို ရှင်သန်ထွန်းကားစေသည့် ယဉ်ကျေးမှုအမွေအနှစ်လက္ခဏာများဖြစ်သည်။ ယင်းတို့ကို မပျောက်ပျက်စေရန်အတွက် မြန်မာ့အနုသုခုမပညာရပ်များကို မြတ်နိုးတန်ဖိုးထားသည့် အနုပညာရှင်အဆက်ဆက်တို့က ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးခဲ့သလို နိုင်ငံတော်အစိုးရအဆက်ဆက်ကလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖော်ထုတ်ပေးလျက်ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပလာခဲ့ပြီး ယခုအခါ (၂၆)ကြိမ်မြောက် နိုင်ငံတော်အဆင့်ပြိုင်ပွဲအဖြစ် ဆင်နွှဲနေပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်ကျင်းပလာခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အကြောင်းအမျိုးမျိုးဖြင့် ကျင်းပနိုင်ခြင်းမရှိဘဲ ခေတ္တရပ်ဆိုင်းသွားခဲ့သည်။ မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာများကို နှစ်စဉ်မပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကြားတွင် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ရှင်သန်ဖွံ့ဖြိုးပြီး မြန်မာကို တန်ဖိုးထားသည့်၊ ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ထက်သန်လာခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာစရိုက်လက္ခဏာများ ငါးနှစ်ကြာ ကင်းဝေးသွားသည့်အခါ အနောက်တိုင်းယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိုးဖောက်ဝင်ရောက်လွှမ်းမိုးပြီး မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများကို တန်ဖိုးထားမြတ်နိုးသည့်စိတ်ဓာတ်များ လျော့ပါးမှေးမှိန်သွားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ်မှစတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ် ပြန်လည်ကျင်းပပေးခဲ့ပြီး မြန်မာတို့၏ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် အမျိုးသားရေးစွမ်းပကားများ ပြန်လည်ရှင်သန်နိုးကြားလာအောင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက "နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံ၊ ယဉ်ကျေးမှုအစဉ်အလာများကို မြတ်နိုးတန်ဖိုးထားသည့်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းအမွေ ဆက်လက်ပေးဝေလျက်ရှိသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ဖော်ထုတ်ပေးပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ အစဉ်ရှင်သန်ထွန်းကားလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၆-၁၀-၂၀၂၅)ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၈-၉-၂၀၂၅)ရက်နေ့ ည (၈:၀၀)နာရီမှ (၅-၁၀-၂၀၂၅) ရက်နေ့ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် -

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးများ ရွေးချယ်ခြင်းနှင့် စပါးမျိုးသစ်မိတ်ဆက်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးများ ရွေးချယ်ခြင်းနှင့် စပါးမျိုးသစ် မိတ်ဆက်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အပင်ဇီဝနည်းပညာဗဟိုဌာန သုတေသနစိုက်ကွင်း၌ ကျင်းပသည်။

မိတ်ဆက်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မျိုးဆက် သက်တမ်းကာလတစ်ခုတွင် အရည်အသွေး ကျဆင်းလာနိုင်သော စပါးသီးနှံ၏ သဘောသဘာဝအရ သုတေသီများ၊ ပညာရှင်များက အရည်အသွေးကောင်း စပါးမျိုးများ မျိုးကူးစပ်ပွားများ ထုတ်လုပ်ပေးပြီး မျိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ခေတ်မီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကို တောင်သူ့လက်ဝယ်သို့ အလျင်အမြန်ရောက်ရှိနိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းနှင့်အတူ ICT နည်းပညာ အသုံးပြုပြီး လူမှုမီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ အရည်အသွေးကောင်း မျိုးစေ့ ထုတ်လုပ်နိုင်ရေး၊ သွင်းအားစုများ အရည်အသွေး ပြည့်မီစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများဖြင့် စီမံကြီးကြပ်ခြင်း ၊ ဇီဝနည်းပညာ အသုံးပြုပြီး မူလ မြန်မာစပါးမျိုးရင်းများအား အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု မိတ်ဆက်ပေးမည့် စပါးမျိုးများ၏ ဇီဝသွင်ပြင်၊ အထွက်၊ ရင့်မှည့်ချိန်၊ ဆန်အရည်အသွေး စသည်တို့ကို တောင်သူလယ်သမားများကိုယ်တိုင် လက်တွေ့စိစစ်သုံးသပ်ကာ မဲပေးရွေးချယ်ခြင်းဖြင့် တောင်သူများပူးပေါင်းပါဝင်သော စပါးမျိုးရွေးချယ်ခြင်းကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးများ ရွေးချယ်ခြင်းနှင့် စပါးမျိုးသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသော တောင်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သုတေသနစိုက်ကွင်းအတွင်း စိုက်ပျိုးပြသထားသော စပါးခင်းများ၊ "ဇီဝနည်းပညာအသုံးပြုပြီး စပါးမျိုးများ အဆင့်မြှင့်တင်ခြင်း"ပြခန်းများကို ကြည့်ရှုကာ အပင်ဇီဝနည်းပညာဗဟိုဌာန Biosafety Level-2 ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တောင်သူများက တောင်ပျံစပါး (ရာသီစပါး) မျိုးကို ရာသီမရွေးစိုက်နိုင်ရန် မျိုးပြုပြင်ထားသည့် သက်တမ်းတောင်ပျံစပါးမျိုးနှင့် ဓာတ်တိုးဆန့်ကျင်သည့် သတ္တိရှိပြီး ကိုလက်စထရော ပါဝင်မှုနည်းပါးသော အရောင်ပါစပါးမျိုးသစ်အား မျိုးရွေးချယ်ခြင်း၊ အပင်ဇီဝနည်းပညာဗဟိုဌာနမှ ထုတ်လုပ်ထားသည့် သက်တမ်းပေါ်ဆန်းစပါး၊ မနောသုခ-၂၊ ရောတိုး စပါးမျိုးများအား လက်တွေ့ကြည့်ရှုလေ့လာခြင်း၊ ဆန်အရည်အသွေး စစ်ဆေးရန် ထမင်းများ လက်တွေ့စားသုံးခြင်း၊ မျိုးရွေးချယ်မဲပေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း နှစ်ပတ်လည် အသင်းသားစုံညီစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို)၏ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း(YRESA) နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး (2025 AGM)ကို အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ LOTTE HOTEL၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမိုက အသင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌများက ဆွေးနွေးပြောကြားပြီး အတွင်းရေးမှူးက အသင်းနှစ်ပတ်လည် အစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အသင်းဘဏ္ဍာရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး မြို့နယ်များအား စွမ်းဆောင်ရည်ဆုများ ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (YRESA)နှင့် မြန်မာ့ခရီးသွားဘဏ် (MTB) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**ကိုထက်**



## မအူပင်စက်မှုဇုန်၌ မီးဘေးအန္တရာယ်လုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မအူပင် အောက်တိုဘာ ၆**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့ ညောင်ပိုင်းကျေးရွာ မအူပင်စက်မှုဇုန်ရှိ Wave Myanmar အထည်ချုပ်စက်ရုံ၌ မီးဘေးအန္တရာယ် လုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများ ကောင်းမွန်မှု ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခြင်းကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။



ထိုသို့ စစ်ဆေးရာတွင် မအူပင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေး ဟောပြောသည်။

ယင်းနောက် မီးသတ်ဆေးဘူး ထားရှိမှုများနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ လက်တွေ့စမ်းသပ် စစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

○ ရှေ့ဖုံးမှ

သစ်သီးဆွမ်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာအမေးအဖြေများပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ (အောင်ပွဲ)နှင့် ရေစက်ချအခမ်းအနားကို ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဘိဇာတထံမှ ဥပုသ်သီလကို ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင်ဦးထိန်ဝင်းက ဇယမင်္ဂလာအနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ဩွဲပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြကာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။



ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)၌ ရွှေတိဂုံ စေတီတော်မြတ်ကြီး ရင်ပြင်နှင့် စောင်းတန်းလေးသွယ်၌ ဘုရားဖူးလာ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုး အထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာအဖြစ် ရေသန့်၊ အချိုရည်၊ ပေါင်မုန့်များ ကျွေးမွေးကြသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။



အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ရှေးဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠ္ဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမု စေတီတို့တွင်လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ ယနေ့နံနက်ပိုင်း အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များစုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြပြီး ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများကဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ယနေ့ မြတ်ဗုဒ္ဓ၏မယ်တော်အပ်ရာ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ဘုရား၊ စေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်ကြခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းကြခြင်း၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှု ပြုလုပ်ကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုးအဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဇော်မင်းလတ်(MNA)**





# ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ

လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍ တရားမျှတသော မဲဆွယ်စည်းရုံးရေးနှင့် သာတူညီမျှ အခွင့်အရေးများ ဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများ မရှိစေရေး၊ အငြင်းပွားမှုကို ဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင် ဆောင်ရွက်ရေးတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဦးရွှေဦး

### နိုင်ငံသားတိုင်းဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရှိစေရေးနှင့် မဲစာရင်းမှန်ကန်ရေး

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းများကို လေ့လာကြည့်သောအခါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ (က) တွင် **"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။"** နှင့် ပုဒ်မ ၃၉၁ (က) တွင် "**ရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်၌ အသက် (၁၈) နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်**" ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို အခြေခံ၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ ပါ အရည်အချင်းများနှင့် ပြည့်စုံသူများကို အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန် ပြုစုထားသည်။ မဲစာရင်းများပြုစုရာတွင် ပုဒ်မ ၁၃ (က) အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများပြုစုရာတွင် ကော်မရှင်က သတ်မှတ်သည့် လူဦးရေစာရင်း ပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) ပါ လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည့်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ လွှတ်တော်နည်းဥပဒေ ၈ (က) ပါ အသေးစိတ်ပြဋ္ဌာန်းချက်များဖြစ်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး စိစစ်ရမည့် ပြဋ္ဌာန်းချက်များအတိုင်း စိစစ်ဆောင်ရွက်နိုင်ရန် ကပ်ထားကြေညာခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ပြည်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းတို့ကိုလည်း ကြေညာခဲ့ပြီးဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ ဆန္ဒမဲပေးခွင့် နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် ယာယီနေရပ်စွန့်ခွာနေရသူများ ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာ ဒေသမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူလျှောက်ထားနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှ စတင်၍ မဲစာရင်းများကို ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်အသီးသီးရှိ မဲရုံများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်ကိုပါ တစ်ပါတည်းထုတ်ပြန်ကြေညာထားရှိသည် –

(က) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၃၀ – ၉ – ၂၀၂၅ ရက်နေ့မှ ၁၃–၁၀ – ၂၀၂၅ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည် ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည် ဖြစ်ပါသည်။

(ခ) မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄–ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (**အခမဲ့**) ရယူနိုင်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ဟု ဖော်ပြထားပါသည်။



ဝိုင်းမော်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၂၆ ရက်က ပြုလုပ်စဉ်။

> **❛ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းပြုစုရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိက ရေးသွင်းဆောင်ရွက်ရမည့် Admin / Data Entry Officer Software နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲမည့် Central Voter List Management System (CVLMS) Software များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် စိစစ်ရေးသွင်းထားရှိသဖြင့် မဲစာရင်းများမှာ ယခင်ကဲ့သို့ (၂) ကြိမ်၊ (၃) ကြိမ် အထပ်များနှင့် မှတ်ပုံတင်မပါရှိသူ၊ အချက်အလက်မပြည့်စုံသူများ ပါဝင်တော့မည်မဟုတ်တော့သဖြင့် ကျစ်လျစ်မှန်ကန်သော မဲစာရင်းများရရှိနိုင်မည်❜**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းပြုစုရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိက ရေးသွင်းဆောင်ရွက်ရမည့် **Admin/ Data Entry Officer Software** နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲမည့် **Central Voter List Management System (CVLMS) Software** များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် စိစစ်ရေးသွင်းထားရှိသဖြင့် မဲစာရင်းများမှာ ယခင်ကဲ့သို့ (၂) ကြိမ်၊ (၃) ကြိမ် အထပ်များနှင့် မှတ်ပုံတင်မပါရှိသူ၊ အချက်အလက်မပြည့်စုံသူများ ပါဝင်တော့မည်မဟုတ်တော့သဖြင့် ကျစ်လျစ်မှန်ကန်သော မဲစာရင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

မြေပြင်တွင် ရွှေ့ပြောင်းသွားလာသူများ ရှိနေသေးသဖြင့် မဲစာရင်းပြုစုသည့်အချိန်တွင် ဆောင်ရွက်ရမည့် ပုံစံ (၆၆/၆) တွင် ပါဝင်နိုင်ခြင်း မရှိသေးသူများအတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သေဆုံး၊ ပျောက်ဆုံးသူများအတွက် မြေပြင်တွင် စာရင်းကောက်ယူဆောင်ရွက်ရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများ မှန်ကန်ရေးအတွက်လည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းကြောင်းကြောင့် ကျန်ရစ်သူများ မရှိစေရေးအတွက် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာပြီးနောက် သက်ဆိုင်ရာ မဲဆန္ဒရှင်များက ကြည့်ရှုစစ်ဆေး၍ ထုတ်ပြန်ကြေညာထားသည့် ဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် မဲဆန္ဒရှင်တစ်ဦးချင်းတိုင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းထားပါသည်။

စာမျက်နှာ ၇ သို့ ✰

❝၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP)ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။ လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာကိုယ်စားပြုမှု တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညီညွတ်နိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MMP စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်❞

☆ စာမျက်နှာ ၆ မှ

**Myanmar Electronic Voting Machine (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း**

ဆန္ဒမဲပေးရာတွင် တိုင်းရင်းသားမဲဆန္ဒနယ်များ အပါအဝင် လွှတ်တော်အားလုံး တစ်နိုင်ငံလုံး၌ **Myanmar Electronic Voting Machine (MEVM)** မဲပေးစက်ဖြင့် မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိသည်ကို တွေ့ရှိရသည်။ မဲပေးစက်ကို အသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် အခက်အခဲမရှိ လွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များ တိတိကျကျရရှိခြင်းနှင့် ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များ ရေတွက်ရာတွင် ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့် နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့သည်။

**Myanmar Electronic Voting Machine (MEVM)** မဲပေးစက်သည် မြန်မာအင်ဂျင်နီယာပညာရှင်များက အစိုးရဝန်ကြီးဌာန၏ စက်ရုံများ၌ ထုတ်လုပ်ထားသဖြင့် နည်းပညာဆိုင်ရာ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပြီး မည်သည့် Internet ၊ Cellular ၊ Wifi ၊ Bluetooth စသည့် ဆက်သွယ်ရေးကွန်ရက်များကိုမျှ ချိတ်ဆက်နိုင်ခြင်းမရှိသည့်အပြင် Wire ကြိုးများနှင့် ဆက်သွယ်ထားခြင်း မရှိသဖြင့် မဲရလဒ်များအပေါ် ပြင်ပမှ နှောင့်ယှက်ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း မပြုလုပ်နိုင်ဘဲ ဓာတ်ပုံကင်မရာ၊ Scanner များ ပါရှိခြင်းမရှိသဖြင့် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခြင်းကို အာမခံချက်အပြည့်ရှိကြောင်း မဲပေးစက်များအား လိုက်လံရှင်းလင်းပြသမှုများအရ သိရသည်။

မဲပေးစက်များကို ရွေးကောက်ပွဲတွင် အသုံးပြုရာ၌ **Myanmar Electronic Voting Machine (MEVM)** မဲပေးစက်၏ စံချိန်စံညွှန်းကို မြန်မာနိုင်ငံ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ၂၀၁၄ ခုနှစ်နှင့်အညီ အမျိုးသားအဆင့် ထောက်ခံအသိအမှတ်ပြုလွှာရရှိရေးအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၀၇၅/၂၀၂၅ နှင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်ဆိုင်ရာ စံချိန်စံနှုန်းများကို မြန်မာနိုင်ငံ စံချိန်းစံညွှန်းအဖြစ် အတည်ပြုသတ်မှတ်ပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်တွင်း ပြည်ပ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များအား သိရှိဆောင်ရွက်နိုင်ရန် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အသေးစိတ်ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်။ ကြိုတင်မဲများရေတွက်ခြင်းနှင့် စပ်လျဉ်း၍လည်း ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၄)၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာခြင်း အခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း ရွေးကောက်ပွဲမကျင်းပမီ (၂)ရက်ကြိုတင်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူရှေ့မှောက်၌ ရေတွက်၍ ရလဒ်များကို ပွင့်လင်းမြင်သာစွာ ကပ်ထားကြေညာမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကြိုတင်မဲများကြောင့် မဲမသမာမှုဖြစ်ခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။



ဖျာပုံမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာထားမှုကို အောက်တိုဘာ ၁ ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

**လွတ်လပ်ပြီးတရားမျှတသော မဲဆွယ်စည်းရုံးခြင်း**

နိုင်ငံရေးပါတီများ လွတ်လပ်ပြီးတရားမျှတစွာ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးဆောင်ရွက်နိုင်ရန်အတွက် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သော လွှတ်တော်နည်းဥပဒေများတွင် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း အခန်း (၁၀) ကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။ ယခင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု အတွေ့အကြုံများအရ နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မျှမျှတတ မဲဆွယ်ဆောင်ရွက်ကြရန် ဖြစ်သော်လည်း မီဒီယာအားကို အသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီကြီးများသည် မိမိပါတီအနိုင်ရရေးအတွက် နည်းလမ်းမမှန်သော စည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်း၊ မဲဆွယ်စည်းရုံးရာတွင် လိုက်ပါဆောင်ရွက်သူများကို ဝန်းရံသူများအဖြစ် အခကြေးငွေပေး၍ စည်းရုံးလှုံ့ဆော်မှုများ ရှိခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် အသိပေးထုတ်ပြန်ကြေညာခြင်းကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည်များကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ရွေးကောက်ပွဲနည်းဥပဒေ ၅၀ တွင်လည်း ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကိုဖြစ်စေ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း တစ်ပြေးညီ ပြဋ္ဌာန်းထားရှိသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သာတူညီမျှ မျှမျှတတ မဲဆွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်ကိုလည်း တွေ့ရှိရပါသည်။

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် သတင်းမီဒီယာများအား လေ့လာခွင့်ပြုမည်**

ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ဖိတ်ကြား၍ လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားပြီးဖြစ်သည်။ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်များကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်ကိုလည်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်၍ တရားမျှတမှုရှိကြောင်းကို နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များမှ လေ့လာစောင့်ကြည့်နိုင်ကြမည်ဖြစ်သည်။

**ရွေးကောက်ပွဲလုံခြုံရေးနှင့် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများ မဖြစ်စေရေး**

ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်နေသူများ လုံခြုံရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ အကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း တွေ့ရှိရသည်။

**နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်**

၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP)ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။ လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာကိုယ်စားပြုမှု တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညီညွတ်နိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MMP စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲမသမာမှုဖြစ်စဉ်များ မဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များက သက်သေခံလျက်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသော အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူများ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုများပြုလုပ်ကြပြီး မီးထွန်းပွဲတော်များကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၆**

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက် အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှု ပြုလုပ်ကြပြီး ညပိုင်းတွင် ဘုရားရှင်အား ဆီမီးထွန်းညှိ ပူဇော်ကာ မီးထွန်းပွဲတော်အစီအစဉ်များကျင်းပပြီး မြို့လုံးအနှံ့စည်ကားလျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

မန္တလေးပြည်သူများသည် သီတင်းကျွတ်လပြည့်နေ့တွင် ဒေသ၏ကောင်းမှု ကုသိုလ်ပြုလုပ်ကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတို့တွင်လည်း ကောင်းမှုကုသိုလ်ပြုခြင်း၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများအား ထုတ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ဆွမ်းဆန်တော်လောင်းလှူပူဇော်ခြင်း၊ ဓမ္မစကြာ ရွတ်ဆိုခြင်း၊ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးများအား ကန်တော့ခြင်းစသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပြီး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းကြစေကြောင်း ဆုမွန်ကောင်းများတောင်း၍ မေတ္တာပို့သကြသည်။

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာသက္ကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကိုလည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးတို့က ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင် ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးမြို့အတွင်းရှိ အထင်ကရဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား လိုက်လံဂါရဝပြုကန်တော့ခြင်းများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ပုံရိပ်ကို ပီပြင်စွာဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# အိမ်မဲမြို့တည် သမိုင်းဝင်ရှင်ပင်ချမ်းသာကြီးဘုရား၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



**အိမ်မဲ အောက်တိုဘာ ၆**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက် (၁)လမ်းရှိ အိမ်မဲမြို့တည်သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်းမှစတင်ပြီး ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အိမ်မဲမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားအား ရည်မှန်း၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြပြီး ဘုရား၌ ကျင်းပသော ဆီမီး ၁၀၀၀ မီးထွန်းပူဇော်ပွဲတွင်လည်း အေးချမ်းပျော်ရွှင်စွာ သီတင်းကျွတ်ပွဲတော်ကို ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်**

# ရမည်းသင်းမြို့၌ နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်ဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကို အောက်တိုဘာ ၆ ရက် သီတင်းကျွတ်လပြည့်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထိုသို့ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ရာတွင် ရန်အောင်မြင်ဘုရားကြီးအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များအား ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပညာရေးကျောင်းများ၊ ကျောင်းသားကျောင်းသူဟောင်းများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်ရုံများ၊ ရပ်/ကျေးအုပ်စုတို့က ဘုရားပင့်ဆောင်မည့်ကားများကို အလှဆင်ကာ ရပ်ကွက်အသီးသီးသို့ လှည့်လည်အပူဇော်ခံခြင်းဖြစ်သည်။

ဘုရားပင့်ဆောင်၍ အပူဇော်ခံသော ဗုဒ္ဓရုပ်ပွားတော်များ ရပ်ကွက်အသီးသီးသို့ ရောက်ရှိရာတွင် ရပ်ကွက်နေ ပြည်သူများက ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပန်း၊ သောက်တော်ရေနှင့် နဝကမ္မဝတ္ထုငွေအစုစုတို့ကို သဒ္ဓါတရားထက်သန်စွာ လောင်းလှူကြပြီး လှည့်လည်ပွဲ လိုက်ပါကြသူများအား ရေ၊ အအေးဖျော်ရည်၊ မုန့်တို့ဖြင့် အာဟာရဒါနပြုကြသည်။

ယခုကဲ့သို့ နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရန်အောင်မြင်အကျိုးတော်ဆောင်ဂေါပကအဖွဲ့က မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# သီတင်းကျွတ်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကား

**နေပြည်တော် အောက်တိုဘာ ၆**

ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားစေတီ ပုထိုးများတွင် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော်အတွင်းရှိ ဘုရားစေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများသည် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ကုသိုလ်ဒါန သီလပွားများခြင်း၊ အဘိဓမ္မာ တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီးများ ထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ လက်လုပ်တောင်၊ ရွှေနန်းသွင်း စေတီတော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင် စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မ စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနိယ (၄)ဌာန အပါအဝင် ဘုရားစေတီ ပုထိုး၊ ဘုန်းကြီးကျောင်းများတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသည်ကို တွေ့မြင်ရသည်။



ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ စွမ်းအင်ဝန်ကြီးဌာနက ကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များအပါအဝင် အခြားသာသနိက အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်းစသည့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားခဲ့သည်။



ထို့ပြင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိအများပြည်သူ အပန်းဖြေအနားယူရာနေရာများတွင် ပြည်သူများသည် လွတ်လပ်ပျော်ရွှင်စွာ အနားယူ အပန်းဖြေလျက်ရှိကြသည်။

ထို့အတူ နေပြည်တော်ရေပန်း ဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် သီတင်းကျွတ်တေးဂီတဖျော်ဖြေပွဲနှင့် ညဈေးရောင်းပွဲတော်အတွင်း မြန်မာ့ရိုးရာ အစားအစာများနှင့် အခြားစားသောက်ဖွယ်ရာများ ရောင်းချလျက်ရှိသည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော်တေးသံရှင်များက DJ၊ Music Band များနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ပြည်သူအများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြပြီး လာရောက်ကြည့်ရှုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**မင်းကျော်စွာ**
**ဓာတ်ပုံ-ပြည့်စုံအောင်**






နေပြည်တော်ရေပန်းဥယျာဉ်အတွင်း နိုင်ငံကျော်တေးသံရှင်များက DJ၊ Music Band များနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်စဉ်။

# နှုတ်မြိန်စေသော သံခင်းတမန်ခင်း

စည်သူကျော်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားစဉ် နိုင်ငံတော်အကြီးအကဲနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ လေဆိပ်ဧည့်ခန်းမဆောင်၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည့် သတင်းကို ဖတ်ရှုလိုက်ရပါသည်။ နိုင်ငံတကာခရီးစဉ်များအတွင်း နှစ်နိုင်ငံအပြုသဘောဆောင် ဆွေးနွေးဆောင်ရွက်ကြသည်များက နိုင်ငံ့အကျိုးစီးပွားအတွက် အလေးထား ဆောင်ရွက်ကြရသည့် လုပ်ဆောင်ချက်များဖြစ်ပါသည်။ ထူးခြားသည်မှာ ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံမှ အသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက်ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက်ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ခြင်းဖြစ်ကာ နိုဗာစီဗစ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြိန်ရှက်စွာ သုံးဆောင်ခဲ့ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ခြင်းပင်ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ စက်တင်ဘာ ၂၄ ရက်က နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

## အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းအကြောင်း ထည့်သွင်းပြသ

တစ်ဖန် စက်တင်ဘာလ ၂၇ ရက်နေ့က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းအမျိုးအစားများအကြောင်း ဗီဒီယိုကလစ်ကို ပြသ၍ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း Gastronomy Tourism အကြောင်းကိုလည်း ထည့်သွင်းပြသသွားသည်ကို တွေ့ရှိရသည်။ ခရီးသွားဧည့်သည်များအတွက် နေရာဒေသတစ်ခုတွင်ရှိသည့် အစားအသောက်များ၏ အရသာကို သွားရောက်မြည်းစမ်းစားသုံးရုံသာမက အဆိုပါအစားအသောက်၏ နောက်ကွယ်တွင်ရှိသော ယဉ်ကျေးမှုအစဉ်အလာ၊ သမိုင်းကြောင်းနှင့် ထုတ်လုပ်ပုံနည်းစနစ်များကိုပါ လေ့လာနိုင်သော ခရီးသွားရောက်မှုပုံစံသည် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၁၂ ခုနှစ်မှစတင်၍ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းကို ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုအနေဖြင့် ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်းအားဖြင့် ဒေသထွက်ကုန်ပစ္စည်းများကို အစားအစာများ ထုတ်လုပ်ရောင်းချရာတွင် အသုံးပြုနိုင်သည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေမည်ဖြစ်သည့်အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း တင်ဆက်သွားသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် အစားအသောက်သည် နိုင်ငံတကာဆက်သွယ်ဆက်ဆံရေးနှင့် မြှင့်တင်ဆောင်ရွက်ခြင်းအပိုင်းတို့တွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်လာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေးအပိုင်းတွင် အစားအသောက်ကို ရှေးယခင်ကတည်းကပင် မီဒီယံ(Medium) တစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။ လက်ရှိတွင်လည်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ယင်းကို အသုံးဝင်သော ကိရိယာတစ်ခု (Tools) သဖွယ် အသုံးပြုလျက်ရှိကြသည်ကို ကြည့်ခြင်းဖြင့် မည်မျှထိရောက်သောအရာဖြစ်သည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

## အစားအစာယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာအစားအစာနှင့် ချက်ပြုတ်နည်းပုံစံများရှိကြသည်။ ထိုအစားအစာယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်ခြင်းဖြင့် မိမိနိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ယဉ်ကျေးမှုများ ဖလှယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ပါသည်။ အစားအစာသည် စိတ်ကျေနပ်ဖွယ်ရာ အရသာနှင့် အာဟာရတန်ဖိုးပေးစွမ်းမှုသက်သက်မဟုတ်တော့ပေ။ စေ့စပ်ညှိနှိုင်းခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ရံဖန်ရံခါ ငြိမ်းချမ်းရေးကို ယူဆောင်လာခြင်းတို့အထိပင် သက်ရောက်မှုက ကြီးမားလာသည်။ ဟင်းလျာတို့သည် အစားအစာသက်သက်ဆိုခြင်းထက် ယဉ်ကျေးမှုများကို ပြန်ပြောင်းပြောဆိုခြင်း၊ ပျော့ပျောင်းသော စွမ်းပကားနှင့် ရံဖန်ရံခါ သံခင်း တမန်ခင်းပင်ဖြစ်လို့လာပေပြီ။ Gastro–Diplomacy အဖြစ် ကမ္ဘာ့သံခင်း တမန်ခင်း မျက်နှာစာတွင် နေရာယူလာပြီဖြစ်သည်။

နှုတ်မြိန်စေသော သံခင်းတမန်ခင်း (Gastro–Diplomacy) နှင့် အစားအစာခရီးသွားလုပ်ငန်း (Gastronomy Tourism) ဖွံ့ဖြိုးလာသည်နှင့်အမျှ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းတွင် ပါဝင်သော စားဖိုမှူးများ၊ အစားအစာပြင်ဆင်ချက်ပြုတ်သူများ၏ အခန်းကဏ္ဍသည်လည်း အဓိကကျလာပါသည်။ ယခင်က ခရီးစဉ်များအတွင်း လှည့်လည်ရှင်းလင်းပြသသော ဧည့်လမ်းညွှန်များက ကမ္ဘာလှည့်ခရီးသွားများကို တိကျမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ မိမိနိုင်ငံ၏ယဉ်ကျေးမှု၊ သမိုင်းနှင့် ရိုးရာဓလေ့များကို စိတ်ဝင်စားဖွယ်ရာ မိတ်ဆက်ပေးခြင်း၊ မိမိနိုင်ငံ၏ အဆင့်အတန်းပုံရိပ်ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံ့သံတမန်များအဖြစ် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

## အစားအသောက်များကို သံခင်းတမန်ခင်းတွင် တင်ဆက်အသုံးပြု

ဧည့်လမ်းညွှန် (Tourist Guide) များသည် နိုင်ငံရေးသံတမန် (Diplomatic Ambassador) များ မဟုတ်ကြသော်လည်း နိုင်ငံ့ကိုယ်စားပြု ယဉ်ကျေးမှုသံတမန် (Cultural Ambassador)၊ ခရီးသွားလုပ်ငန်းသံတမန် (Tourism Ambassador) များဖြစ်ကြပါသည်။သို့ဖြစ်ရာ အစားအသောက်များကို သံခင်းတမန်ခင်းတွင် တင်ဆက်အသုံးပြုလာကြရာဝယ် ယင်းအစားအစာများအား ပြင်ဆင်ချက်ပြုတ်သည့် စားဖိုမှူးများကိုလည်း သံတမန် (Diplomat) များအဖြစ် ခေါ်ဆိုကြရပေလိမ့်မည်။ အစားအစာများသည် the most immediate and memorable connection ဟုဆိုရလောက်အောင် နှစ်ဦးနှစ်ဖက်ကြား ထင်ရှားသောအမှတ်သညာကို စွဲမှတ်ပေးစေနိုင်သည်။ အမြဲအမှတ်ရနေစေမည့် အရာလည်းဖြစ်ပါသည်။

Gastro– diplomacy သည် ရှေးယခင်ကတည်းကပင် တည်ရှိလာခဲ့သော အစဉ်အလာတစ်ခုဖြစ်ပါသည်။ Gastro–Diplomacy (အချို့နေရာတွင် Culinary Diplomacy ဟုလည်း ခေါ်ဝေါ်သုံးနှုန်းကြသည်။) နှင့်စပ်လျဉ်း၍ အကိုးအကားပြုရာ၌ ၂၀၀၂ ခုနှစ်က ထိုင်းနိုင်ငံမှ အကောင်အထည်ဖော်ခဲ့သော "The Global Thai Program" နှင့် "Thailand; Kitchen of the World" အစီအစဉ်နှစ်ခုသည် ထင်ရှားသောအစီအစဉ်များဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်း ထိုင်းစားသောက်ဆိုင်များ တိုးချဲ့ဖွင့်လှစ်နိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုင်းအစားအစာများကို ကမ္ဘာက သိရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**"ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာအစားအစာနှင့် ချက်ပြုတ်နည်းပုံစံများရှိကြသည်။ ထိုအစားအစာယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်ခြင်းဖြင့် မိမိနိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ယဉ်ကျေးမှုများ ဖလှယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ပါသည်။ အစားအစာသည် စိတ်ကျေနပ်ဖွယ်ရာအရသာနှင့် အာဟာရတန်ဖိုးပေးစွမ်းမှုသက်သက်မဟုတ်တော့ပေ။ စေ့စပ်ညှိနှိုင်းခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ရံဖန်ရံခါ ငြိမ်းချမ်းရေးကို ယူဆောင်လာခြင်းတို့အထိပင် သက်ရောက်မှုက ကြီးမားလာသည်။ ဟင်းလျာတို့သည် အစားအစာသက်သက်ဆိုခြင်းထက် ယဉ်ကျေးမှုများကို ပြန်ပြောင်းပြောဆိုခြင်း၊ ပျော့ပျောင်းသော စွမ်းပကားနှင့် ရံဖန်ရံခါ သံခင်းတမန်ခင်းပင် ဖြစ်လို့လာပေပြီ။ Gastro-Diplomacy အဖြစ် ကမ္ဘာ့သံခင်းတမန်ခင်း မျက်နှာစာတွင် နေရာယူလာပြီဖြစ်"**

စာမျက်နှာ ၁၁ သို့

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်တို့ ဦးဆောင်၍ ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ ကျင်းပရန်ပြင်ဆင်နေမှု၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး စသည့် ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံ၊ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ၊ ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၊ BRICS အဖွဲ့တို့နှင့်ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများနှင့် ယင်းအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ ခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘယ်လာရုစ် တေးဂီတအဖွဲ့၏ ဒုတိယမြောက် တေးဂီတဖျော်ဖြေပွဲကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ



**မန္တလေး အောက်တိုဘာ ၆**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ် တေးဂီတအဖွဲ့၏ ဒုတိယမြောက် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းက ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

### ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေပွဲသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်ချုပ် စိုးမြတ်ထွဋ်၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy နှင့် တာဝန်ရှိသူများ၊ နယ်မြေခံ တပ်နယ်မှ အဆင့်မြင့် အရာရှိကြီးများ၊ အရာရှိ၊ အရာခံ အကြပ်စစ်သည်များနှင့် မိသားစုများ၊ သင်တန်းသား ဗိုလ်လောင်းများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy က မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva တို့က ရုရှားနှင့်ဘယ်လာရုစ်တို့၏ ရိုးရာမေတ္တာအကြောင်း ဖွဲ့ဆိုထားသည့် တေးသီချင်း၊ ဘယ်လာရုစ်နှင့် မြန်မာ (၂၅)နှစ်ပြည့် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရေးဖွဲ့ထားသည့် တေးသီချင်း၊ မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန် အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်း၊ သမိုင်းဝင် ပုဂံမြို့ အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်းများ၊ ဘယ်လာရုစ် ရိုးရာ တေးသီချင်းများ၊ ကာလပေါ် တေးသီချင်းများ အပါအဝင် စုစုပေါင်း ၁၇ ပုဒ် သီဆိုဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲ ပြီးဆုံးပြီးနောက် နယ်မြေခံ တပ်နယ်မှူးနှင့်ဇနီးတို့က ဘယ်လာရုစ် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ ဘယ်လာရုစ်တေးဂီတအဖွဲ့သည် ယမန်နေ့ညနေပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များနှင့် ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် ပူးပေါင်း တေးဂီတဖျော်ဖြေပွဲကို ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ ဘယ်လာရုစ်တေးဂီတအဖွဲ့သည် မြန်မာနိုင်ငံတွင် ရောက်ရှိစဉ် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင်လည်း မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ အဆိုအကများပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံတို့သည် အစိုးရချင်း ချစ်ခင်ရင်းနှီးမှု တည်ဆောက်ခြင်းအပြင် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်မာစေရန်အတွက် ယခုကဲ့သို့ ယဉ်ကျေးမှုအနုပညာ ပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ခြင်း အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေး အသင်းတို့က ပူးပေါင်းစီစဉ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၁၀ မှ

ယင်းအစီအစဉ်ကြောင့် ကမ္ဘာတစ်ဝန်းရှိ ထိုင်းစားသောက်ဆိုင် အရေအတွက်သည် ၂၀၀၂ ခုနှစ်က ၅၅၀၀ ခန့်သာ ရှိခဲ့ရာမှ ယခု ၂၀၂၅ ခုနှစ်တွင် စားသောက်ဆိုင်ပေါင်း ၁၅၀၀၀ ခန့်အထိ ရှိလာခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ကမ္ဘာတစ်လွှား ထိုင်းအစားအစာရောင်းချသည့်ဆိုင်များ တိုးပွားလာခြင်းသည် အဆိုပါအစီအစဉ်နှစ်ခု၏ Output များဖြစ်ပါသည်။ မျှော်မှန်း Outcome များအနေဖြင့် လေ့လာကြည့်ပါက ထိုင်းရိုးရာအစားအစာများမှတစ်ဆင့် ထိုင်းနိုင်ငံ၏ ပုံရိပ်နှင့် လူသိများမှုကို မြှင့်တင်ရန်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ထိုင်းအစားအစာထုတ်လုပ်ရောင်းချမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းမှသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ခရီးသွားဧည့်သည် ၃၅ သန်းအထိ စံချိန်တင် ဝင်ရောက်ခဲ့သလို ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်းမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် ထိုင်းနိုင်ငံ၏ Gastro-Diplomacy သည် အောင်မြင်သည်ဟု ဆိုရမည်ဖြစ်သည်။

**ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများဖြစ်**

မြန်မာနိုင်ငံသည် ပင်လယ်သမုဒ္ဒရာ၊ ရေမြေ၊ တောတောင်များနှင့် ကျယ်ပြန့်သော ပထဝီဝင်အနေအထားရှိသကဲ့သို့ တိုင်းရင်းသား ၁၃၅ မျိုးတို့ မှီတင်းနေထိုင်လျက်ရှိခြင်းကြောင့် တိုင်းရင်းသားတိုင်းတွင် မတူကွဲပြားသော ယဉ်ကျေးမှုနှင့် နေထိုင်စားသောက်မှုပုံစံတို့ ကိုယ်စီကိုယ်င ပိုင်ဆိုင်ထားကြပါသည်။ ထို့အတူ မိမိတို့ဒေသ၌ စိုက်ပျိုးထုတ်လုပ်သည့် ကုန်ကြမ်းများနှင့် ရိုးရာနည်းစနစ်များအတိုင်း ချက်ပြုတ်ပြင်ဆင်သော အစားအစာများလည်းရှိကြပါသည်။ ယင်းအစားအစာများသည် ယခုအခါတွင် မိမိတို့ဒေသအတွင်းသာမက အခြားဒေသများသို့ပါ ဖြန့်ကြက်ရောက်ရှိနေပြီဖြစ်သည်။ မြန်မာ့ရိုးရာအစားအစာများသည် အာဟာရတန်ဖိုးပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သော ဒေသထွက်ကုန်များကိုသာ အသုံးပြုချက်ပြုတ်ပြင်ဆင်ခြင်းကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများဖြစ်ကြပါသည်။

၁၂ လရာသီအလိုက် ပွဲတော်များ ကျင်းပရာတွင်လည်း ရိုးရာအစားအစာများကို ထည့်သွင်းပြင်ဆင် ကျွေးမွေးကြသည့် ချစ်စရာအလေ့အထများရှိပါသည်။ ယနေ့ကာလတွင် တိုင်းရင်းသားရိုးရာ အစားအစာများ ဖော်ထုတ်မြှင့်တင်ခြင်းများကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပါသည်။ ဒေသအလိုက် တိုင်းရင်းသားရိုးရာ အစားအစာပွဲတော်များ ကျင်းပခြင်း၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့စသော အထိမ်းအမှတ်နေ့များတွင် နေပြည်တော်၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး ထုတ်ကုန်များပြသရောင်းချပွဲများကျင်းပရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များကို ဖွင့်လှစ်စေပြီး မိမိတို့၏ ဒေသရိုးရာအစားအစာများကို လာရောက်ပြင်ဆင် ချက်ပြုတ်ရောင်းချစေခြင်းဖြင့် အားပေးမြှင့်တင်ဖော်ထုတ်ပေးခြင်း၊ ပြည်ပတွင် ကျင်းပပြုလုပ်သည့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော်များတွင် မြန်မာ့ရိုးရာအစားအစာများကို သွားရောက်တည်ခင်းပြသစေခြင်း၊ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များ၊ ချစ်ကြည်ရေး လာရောက်သည့် ခရီးစဉ်များတွင် မြန်မာ့ရိုးရာ အစားအစာ၊ ဒေသအစားအစာများကို ဖွယ်ဖွယ်ရာရာ တည်ခင်းဧည့်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒေသအလိုက် ဟိုတယ်များတွင်လည်း မနက်စာတည်ခင်းဧည့်ခံရာ၌ မြန်မာ့ရိုးရာမုန့်ပဲသရေစာများ၊ အစားအစာများ ထည့်သွင်းတည်ခင်း ကျွေးမွေးခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာက ပိုမိုသိရှိလာစေမည်ဖြစ်ပါသည်။ ။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများ အားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော် ကျင်းပ




**ထားဝယ် အောက်တိုဘာ ၆**

ထားဝယ်မြို့တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသည့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ဖွင့်ပွဲကို ယမန်နေ့ညနေ ၆ နာရီက ထားဝယ်မြို့ တလိုင်းမရပ်ကမ်းနားလမ်း၊ ပြည်သူ့အပန်းဖြေရင်ပြင်၊ ထားဝယ်မြစ်ကမ်း၌ ရှေးရိုးရာ အစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဒေသခံပြည်သူများက သဗ္ဗညုဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မျှော်မှန်းဆ၍ ဆီမီးများထွန်းညှိပူဇော်သည်။

ထို့နောက် ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌတို့က မီးပုံးပျံအကြီးဖြင့် ဖဲကြိုးဖြတ် ဖွင့်လှစ်လွှတ်တင်ပူဇော်ပြီး မြို့မိမြို့ဖများနှင့် ဒေသခံထားဝယ် မြို့သူ မြို့သားများက မီးပုံးပျံအလုံးရေ ၅၀၀ ကို တညီတညွတ်တည်း လွှတ်တင်ပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရပ်ကွက်ကျေးရွာအလိုက် အလှဆင်ထားသည့် အလှသပိတ်အိုးကြီးများ ပူဇော်ခံထားရှိမှုနှင့် နိဗ္ဗာန်ဈေးအလှူတော်များကို လိုက်လံကြည့်ရှုအားပေးကာ ထားဝယ်မြို့သူ မြို့သားများ၏ သီဆိုကပြဖျော်ဖြေနေမှုနှင့် ဇာတ်သဘင်များဖြင့် ဧည့်ခံဖျော်ဖြေနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို ယနေ့နံနက် ၄ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ သပိတ်မျှောကာ ဆွမ်းဆက်ကပ် ကုသိုလ်ပြုကြပြီး ဒေသခံထားဝယ်မြို့သူမြို့သားများက ထားဝယ်ရိုးရာသပိတ်မျှောမုခ်ဦး မှစ၍ ဝင်္ကပါလျှောက်လမ်းကို ပျော်ရွှင်စွာဖြတ်ကျော်ကြကာ သပိတ်မျှော၍ ဆုတောင်း ပတ္ထနာပြုပြီး ကုသိုလ်ပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် သဘော်ဆိပ်ရပ်ကွက်၊ ဒုတိယဆုရရှိသည့် အိုးလုပ်ရပ်ကွက်၊ တတိယဆုရရှိသည့် Sweet December သွေးလှူရှင် လူငယ်များအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲသို့ လာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းနှင့် သပိတ်မျှောပွဲတွင် ထားဝယ်ရိုးရာ ယဉ်ကျေးမှုအက၊ ထားဝယ်ဒေသသပိတ်မျှောပွဲအက၊ ထားဝယ်ရိုးရာ အကအလှပဒေသာများ၊ ဇာတ်သဘင်များဖြင့် သီဆိုဧည့်ခံဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြသည်။

သပိတ်မျှောပွဲတော်သည် အရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ ထားဝယ်ရိုးရာ မြေသပိတ်ထဲတွင် ဆွမ်း၊ မုန့်၊ သစ်သီး၊ ပေါက်ပေါက်၊ မုန့်ဆီကြော်၊ ယိုအမျိုးမျိုးစသည့် လှူဖွယ်များကို ထည့်ပြီး တံခွန်၊ ကုက္ကားများ စိုက်ထူ၍ ဆီမီးများထွန်းညှိကာ သပိတ်မျှောကြခြင်းဖြစ်ပြီး ရာသီဥတုမိုးလေဝသကောင်းမွန်စေရန်၊ ဆန်ရေစပါး စီးပွားဥစ္စာပေါများတိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန်များနှင့် မကောင်းသောဘေးဘယာ ကံကြမ္မာအပေါင်းကင်းဝေးလွတ်မြောက်စေရန် ဆုတောင်းပတ္ထနာပြုသည့် ရည်ရွယ်ချက်ဖြင့် ထားဝယ်တိုင်းရင်းသားလူမျိုးများက ရှေးအစဉ်အဆက်မှ ယနေ့တိုင် သပိတ်မျှောပွဲတော်ကို ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၌ သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ် မီးပုံးပျံကြီးအလုံး ၃၀ လွှတ်တင်ပူဇော်



**ဘားအံ အောက်တိုဘာ ၆**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့်နေ့အထိမ်းအမှတ် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ တောင်ကလေးကျေးရွာ လေယာဉ်ကွင်းဟောင်းနေရာ၌ ကျင်းပသည်။

ဦးစွာ မီးပုံးပျံလွှတ်တင်ပူဇော်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက အတီး၊ အမှုတ်၊ အက၊ အဖွဲ့များဖြင့် လေယာဉ်ကွင်းဟောင်းအတွင်း နေရာယူကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မီးပုံးပျံကြီး အလုံး ၃၀ ကို လွှတ်တင်ပူဇော်သွားမည်ဖြစ်ပြီး ဖွဲ့ကပင်ခန်းမ၌ ထေရ်ကြီးဝါကြီး သံဃာတော်များအား ပူဇော်ကန်တော့ခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မွန်းလွဲပိုင်းတွင် မဲဘောင်ကျောင်းတိုက်၌ သံဃာ့ပဝါရဏာ သိမ်ဆင်းလောင်းလှူခြင်း၊ ညခင်းပိုင်းတွင် သေဠမာရ်အောင် ဘုရားကြီးဝင်း၌ ဆီမီး ၉၀၀၀ ပူဇော်ပွဲတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်၍ ပြည်သူများအနေဖြင့် ယခုနှစ် သီတင်းကျွတ်ပွဲတော်ကို ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး အေးအေးချမ်းချမ်းဖြင့် ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မီးပုံးပျံလွှတ်တင်ပူဇော်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် အဖွဲ့ ၃၀ အတွက် ငွေကျပ်သိန်း ၂၁၀ ကို ချီးမြှင့်ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မင်္ဂလာရွှေမောင်းကို သုံးချက်တီးခတ်၍ အချက်ပေးရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သော မီးပုံးပျံလွှတ်တင် ပူဇော်ရေးအဖွဲ့များက အောက်ခြေအချင်း ခြောက်ပေ၊ အမြင့်ပေ ၄၀ နှင့်အထက်ရှိသော မီးပုံးပျံကြီးအလုံး ၃၀ ကို အိုးစည်ဗုံမောင်းများ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လွှတ်တင်ပူဇော်ကြကာ ဘားအံမြို့ ခရီးစဉ်ဒေသများနှင့်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကလည်း မီးပုံးပျံအသေး အလုံး ၁၀၀ ကျော်ကို လွှတ်တင်ပူဇော်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နံနက် ၉ နာရီခွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ပြည်နယ်အတွင်း သီတင်း သုံးတော်မူကြသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများကို ပူဇော်ကန်တော့ပွဲ မင်္ဂလာအခမ်းအနားကို ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ဥဒေါင်းကျောင်း ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များထံမှ မေတ္တာသုတ်စသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြ၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေး ဆိုင်ရာများ လျှောက်ထားတင်ပြကာ အမိတာရာမ ရဲကျောင်းဆရာတော်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကထိက သုန္ဒရာရာမ ကျောင်း ဆရာတော်တို့ထံမှ သာရဏီယ သြဝါဒကထာများကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သြဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနား အပြီးတွင် ကြွရောက် ချီးမြှင့်တော်မူကြသော ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ တက်ရောက်လာသော ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သီတင်းကျွတ်လပြည့်နေ့တွင် မြစ်ကြီးနားမြို့ရှိ စေတီပုထိုး၊ ဘုရားကျောင်းကန်များ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား



**မြစ်ကြီးနား အောက်တိုဘာ ၆**

၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင်လောကမာန်အောင်ဆုတောင်းပြည့်စေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိရုပ်တော်မူစေတီတော်ကြီးနှင့် လျောင်းတော်မူစေတီတော်တို့တွင် ကုသိုလ်ကောင်းမှုပြုသူများ၊ လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် မြို့လယ်ရှိ စိမ်းမြရေပန်းခြံနှင့် ကလေးကစားကွင်း၌လည်း မိသားစုလိုက် လာရောက်လည်ပတ်ကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အီရန်နှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီကြား ရရှိခဲ့သည့် သဘောတူညီချက်သက်တမ်းကုန်ဆုံးဟု အီရန်ပြောကြား

**တီဟီရန် အောက်တိုဘာ ၆**

အီရန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီကြား ပြီးခဲ့သည့်လက ရရှိခဲ့သည့် သဘောတူညီချက်သည် သက်တမ်းကုန်ဆုံးသွားပြီ ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အေဗတ်အေရာချီက ပြောကြားသည်။ ယင်းသဘောတူညီချက်တွင် အီရန်နျူကလီးယား စက်ရုံများအား စစ်ဆေးမှုပြန်လည်စတင်ရန် ခွင့်ပြုထားသည်။

အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည့် သံတမန်များတက်ရောက်သည့် အစည်းအဝေးတွင် အီရန်နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ စက်တင်ဘာလအတွင်းက အီရန်အား အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီးနောက် ယခုအစည်းအဝေးကျင်းပခြင်းဖြစ်သည်။ အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်းဖြင့် အီရန်နှင့် ကမ္ဘာ့နိုင်ငံများကြား ဆက်ဆံရေးကောင်းနေသည့်အခြေအနေမှ ဆိုးရွားသည့်အခြေအနေသို့ ပြောင်းလဲသွားနိုင်သည်ဟု ၎င်းကပြောကြားသည်။ အီရန်အနေဖြင့် နျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဖြစ်ကာ ၎င်းဆောင်ရွက်မည့်အစီအစဉ်သည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် သုံးစွဲရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် နျူကလီးယားအရေးကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်လိုကြောင်း ၎င်းက ပြောကြားသည်။ အီရန်နှင့် ကမ္ဘာ့နိုင်ငံများကြား ၂၀၁၅ ခုနှစ်တွင် နျူကလီးယားသဘောတူညီချက် ရရှိခဲ့သည်။



သို့ရာတွင် အီရန်နိုင်ငံက ယူရေနီယံသတ္တုများ ပြန်လည်ထုတ်လုပ်နေသောကြောင့် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့က ယခုနှစ်ဩဂုတ်လတွင် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

❖



# အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ပြန်ပေးဆွဲခံရသည့် ကလေးတစ်ဦးအား ကယ်ဆယ်နိုင်ခဲ့

**ကဘူး အောက်တိုဘာ ၆**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ပြန်ပေးဆွဲခံရသည့် ကလေးတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။ ပြည်နယ်မြို့တော်ကန်ဒါဟာတွင် ရဲတပ်ဖွဲ့က အထူးစစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်စဉ်အတွင်း ၎င်းကလေးကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် ၎င်းကလေးအား ပြန်ရွေးရန်အတွက် အာဖဂန်ငွေ ၁၀ သန်းကို ပြန်ပေးဆွဲသူများက တောင်းဆိုခဲ့ကြောင်း သိရသည်။

ပြန်ပေးဆွဲသူများ၏ နေရာအတိအကျကို စုံစမ်းခဲ့ပြီးနောက် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက် စီးနင်းခဲ့ရာတွင် အောင်အောင်မြင်မြင် ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် ငွေကြေးချမ်းသာသည့် ကလေးများအား ပြန်ပေးဆွဲကာ ငွေတောင်းခံလေ့ရှိသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ စာသင်ကျောင်းပြိုကျမှုကြောင့် သေဆုံးသူဦးရေ ၆၀ ရှိလာ

**ဂျကာတာ အောက်တိုဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် စဆီဒိုအာဂျိုဒေသရှိ စာသင်ကျောင်း အဆောက်အအုံ ပြိုကျမှုတွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ရုပ်အလောင်း ၁၁ လောင်းကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပြီးနောက် သေဆုံးသူ ၆၀ အထိ မြင့်တက်လာခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက အောက်တိုဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

အပျက်အစီးများအောက်တွင် သေဆုံးသူများကို တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူ အဗ္ဗဒူမူဟာရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သေဆုံးသူများကို စစ်ဆေးရန်အတွက် ဆူရာဘာရာရှိ ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ကုသမှုခံယူနေသည့် လူနာဦးရေမှာ ၁၀၄ ဦးအထိ မြင့်တက်လာသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကာ အဆောက်အအုံများ ထပ်မံမပျက်စီးစေရန်အတွက် အပျက်အစီးများ ဖယ်ရှားခြင်းကို သတိဖြင့် ဆောင်ရွက်နေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၉ ရက်က ပြိုကျခဲ့သည့် အဆိုပါကျောင်းအဆောက်အအုံအတွင်း ကျောင်းသားအရေအတွက်များစွာ ပိတ်မိနေခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအစီအစဉ်အား အီဂျစ်က တာဝန်ယူပံ့ပိုးပေးရန် ဟားမတ်စ်အဖွဲ့က တောင်းဆို

**ဂျေရုဆလင် အောက်တိုဘာ ၆**

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို အီဂျစ်က တာဝန်ယူပံ့ပိုးပေးရန် ဟားမတ်စ်အဖွဲ့က တောင်းဆိုခဲ့သည်။

၎င်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဆိုင်ရာ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ ဆောင်ရွက်ချက်များအပေါ်တွင် စိုးရိမ်ပူပန်ကြောင်း ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ခါလစ်အယ်လ်ဟာရာက အီဂျစ်တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဒိုဟာတွင် ပြီးခဲ့သည့်လက လုပ်ကြံခံရမည့်အန္တရာယ်မှ လွတ်မြောက်ခဲ့ပြီးနောက် အယ်လ်ဟာရာသည် အီဂျစ်သို့ လက်ရှိအချိန်တွင် ပထမဆုံးအကြိမ်အဖြစ် သွားရောက်ခဲ့သည်။ ဟားမတ်စ်အဖွဲ့က ဓားစာခံများလွှတ်ပေးမည်ဟု ကြေညာခဲ့ပြီးနောက် ဟားမတ်စ်အဖွဲ့နှင့် အီဂျစ်တာဝန်ရှိသူများ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံ ၄၈ ဦးအနက် ၂၀ မှာ အသက်ရှင်ကျန်ရှိနေကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။



ဟားမတ်စ်အဖွဲ့က ဂါဇာဒေသရှိ လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်ရေးနှင့် အစ္စရေးတပ်မတော်တပ်ဖွဲ့များ ဂါဇာဒေသမှ ရုပ်သိမ်းရေးတို့ကို တောင်းဆိုခဲ့သည်။ ဟားမတ်စ်အဖွဲ့၏ ဓားစာခံများပြန်လည်လွှတ်ပေးမည့်အစီအစဉ်ကို ကြိုဆိုကြောင်းနှင့် အပြန်အလှန်အားဖြင့် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကို ရပ်တန့်ပေးရန် အမေရိကန်သမ္မတထရမ့်က ပန်ကြားခဲ့သည်။ ဂါဇာဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း လက်ရှိအချိန်အထိ သေဆုံးသူ ၆၇၁၆၀ ရှိပြီး ဒဏ်ရာရရှိသူ ၁၆၉၆၇၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# သီရိလင်္ကာတွင် စာပို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**ကိုလံဘို အောက်တိုဘာ ၆**

သီရိလင်္ကာနိုင်ငံတွင် စာပို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေ ရူပီး ၂ ဒသမ ၀၈ ဘီလီ(ကန်ဒေါ်လာ ခုနစ်သန်း) သုံးစွဲမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူထုမီဒီယာဆိုင်ရာ ဝန်ကြီး ဒေါက်တာနာလင်ဒါဂျာယာတစ်ဆာက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။ စာပို့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရန်ဒေသခံ ၇၃၁ ဦးကို စုဆောင်းထားကြောင်းနှင့် ၎င်းရန်ပုံငွေကို စာပို့လုပ်ငန်းဆိုင်ရာ အဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းနှင့် နည်းပညာများမိတ်ဆက်သုံးစွဲရာတွင် အသုံးပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စာပို့လုပ်ငန်း ဆောင်ရွက်ရေးအတွက် ထရပ်ကားများ၊ ကွန်ပျူတာများဝယ်ယူရန် ရူပီး သန်း ၂၀၀ သုံးစွဲမည်ဖြစ်ပြီး ရူပီး သန်း ၆၀၀ ကို စာပို့လုပ်ငန်းအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲမည်ဖြစ်သည်။ ဒေသခံ ၃၀၀၀ ကိုလည်း စာပို့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရန် ထပ်မံစုဆောင်းမည်ဟု သိရသည်။ သီရိလင်္ကာနိုင်ငံသည် စာတိုက်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၆**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter– Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ပူးပေါင်း၍ ကျောက်မဲမြို့တွင် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်း၊ နင်းမိုင်း၊ တိုက်မိုင်းများအား ယခုလ ၄ ရက် မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ယခုလ ၅ ရက်မှစတင်၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအပြင် ကျောက်မဲမြို့ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကျောက်မဲမြို့ အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးဝင်း အတွင်း/အပြင်နေရာများအား ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများနှင့်အခြား လိုအပ်သည်များကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အပြင် စေတနာရှင်၊ အလှူရှင်များက ကျောက်မဲမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အမှတ်(၁) ရပ်ကွက်ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ဒံပေါက်၊ အအေးနှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ရှိ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောက်မဲမြို့ အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးဝင်း အတွင်း/အပြင်နေရာများအား စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။



စေတနာရှင်၊ အလှူရှင်များက ကျောက်မဲမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အမှတ်(၁) ရပ်ကွက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဒံပေါက်၊ အအေးနှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းစဉ်။

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ပြင်ဦးလွင်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ်



**ပြင်ဦးလွင် အောက်တိုဘာ ၆**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်က နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ချေးငွေ ပေးအပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်စိုးဦးက စိုက်ပျိုးကဏ္ဍ ချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် စီမံကိန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ချေးငွေများကို တောင်သူများ လက်ဝယ်သို့ပေးအပ်ခဲ့ပြီး အဆိုပါ ချေးငွေဖြင့် စပါး၊ ဂျုံနှင့် မက်မန်းသီးနှံတို့အတွက် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာ ၃၁ ရွာ၊ တောင်သူ ၆၈၄ ဦး၏ စိုက်ဧက ၃၂၁၀ အတွက် ချေးငွေကျပ် ၆၄၂ သန်း ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာ စေတီတော်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၆**

တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်ကြီး၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၆ နာရီခွဲက စေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော် ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်မှ အရှင်မာဃဝ က ပဋ္ဌာန်းအဖွင့်ဖတ်ကြားပူဇော်၍ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်(အကျဉ်း)ကို ရွတ်ဖတ်ပူဇော်ခြင်းနှင့် ပဋ္ဌာနဘာဏကသံဃာတော်များက ပဋ္ဌာန်းကျမ်းမြတ်ဒေသနာတော်ကို အလှည့်ကျ ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုအောက်တိုဘာ ၆ ရက်မှ ၁၂ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# သီတင်းကျွတ်လပြည့်နေ့တွင် တောင်ကြီးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ

**တောင်ကြီး အောက်တိုဘာ ၆**

ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် တောင်ကြီးမြို့ရှိ ဘုရား၊စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်**

ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်ကြီးတွင် ခုနစ်ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကျင်းပခြင်း၊ ဥပုသ်သီတင်းဆောက်တည်သူများ၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကုသိုလ်ယူသူများ၊ သီတင်းကျွတ်ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်ပူဇော်ကြသူများနှင့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ် ကုသိုလ်ယူကြသူများ၊ သီတင်းကျွတ်ပန်း ဆက်ကပ်ပူဇော်ကြသူများ၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ သီလဆောက်တည်ကုသိုလ်ယူကြသူများနှင့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဖူးပြည်သူများ၊ ဘုန်းကြီးကျောင်းတက် ဥပုသ်သီလဆောက်တည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သထုံမြို့၌ (၃၃)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ သံဃာ့မဟာပဝါရဏာပွဲကျင်းပ

**သထုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ကြီးမှူး၍ ဂိုဏ်းပေါင်းစုံ သံဃာတော်များ သံဃာ့မဟာပဝါရဏာပြုပွဲနှင့် ပဝါရဏာပြုသံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များ စုပေါင်းလောင်းလှူခြင်းကို သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) မွန်းလွဲပိုင်းက လေးဆူဓာတ်စံရွှေစာရံစေတီတော်တောင်ဘက်မုခ်အနီးရှိ ကလျာဏီသိမ်တော်ကြီး၌ ကျင်းပသည်။

သံဃာ့ပဝါရဏာပြုပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ အရှင်သူမြတ် ဦးဆောင်၍ သံဃာတော်အပေါင်းက နမောတဿသုံးကြိမ် ရွတ်ဆို၍ဖွင့်လှစ်ခြင်း၊ ပဝါရဏာပြုသံဃာအရေအတွက် ဖတ်ကြားခြင်း၊ ပဝါရဏာအမေးအဖြေပြုခြင်း၊ ဝါစဉ်အလိုက်သံဃာ့ပဝါရဏာပြုခြင်း၊ မေတ္တာသုတ်ပရိတ်တရားတော်များ ပွားများပူဇော်ခြင်း၊ ထေရ်ကြီးဝါကြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ပူဇော်ကန်တော့ကြပြီး ဆရာတော်ကြီးများထံမှ ဂိုဏ်းပေါင်းစုံသံဃာတော်များက အဆုံးအမဩဝါဒများ ခံယူခြင်းတို့ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပဝါရဏာပြုတော်မူကြသည့် သံဃာတော်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များစုပေါင်းကာ စာရေးတံမဲများ၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# သီတင်းကျွတ်လပြည့်နေ့တွင် လှိုင်ကော်မြို့၌ ကုသိုလ်ဒါနပြုသူများဖြင့် စည်ကား

**လှိုင်ကော် အောက်တိုဘာ ၆**

ကယားပြည်နယ် လှိုင်ကော်မြို့၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီတော်)၊ သမိုင်းဝင်ဆုတောင်းပြည့်မြို့နာမ်စေတီတော်၊ လျောင်းတော်မူဘုရား၊ သစ်တစ်ပင်တောင်တော်စသည့် ဘုရားစေတီပုထိုးများ၊ ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက်၊ ဒေါ်ဥခူပရိယတ္တိစာသင်တိုက်၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း စသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလ ဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။



ထို့ပြင် နောင်ယားကန်သာ၊ ထေးငှားလျားကန်သာ၊ ကန္ဒဟေဝန်ပန်းခြံနှင့် ရှုခင်းသာပန်းခြံတို့တွင်လည်း လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ ညပိုင်းတွင် မြို့နာမ်စေတီတော်၌ ဆီမီး ၁၀၀၀၀ ပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲများအပြင် ပြည်နယ်ခန်းမ၌ စတုဒိသာ ကျွေးမွေးဧည့်ခံပြီး ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ သီတင်းကျွတ်မီးထွန်းပွဲတော် ဂီတဖျော်ဖြေပွဲများ ကျင်းပကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ကန့်ဘလူမြို့၌ မဲပေးခြင်းအသိပညာပေးပိုစတာများ စိုက်ထူ

**ကန့်ဘလူ အောက်တိုဘာ ၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးပုံမဲပေးနည်း အသိပညာပေးပိုစတာများကို အောက်တိုဘာ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့လူစည်ကားရာ လမ်းဆုံလမ်းခွများတွင် စိုက်ထူခဲ့ကြောင်း သိရသည်။

**ပိုစတာများစိုက်ထူ**

အဆိုပါ အသိပညာပေးပိုစတာများ စိုက်ထူခြင်းကို ကန့်ဘလူမြို့ တပင်ရွှေထီးလမ်းနှင့် ယုဇနလမ်းထောင့် မြို့မဈေးအရှေ့ဘက်တွင်လည်းကောင်း၊ တပင်ရွှေထီးလမ်းနှင့် တက္ကသိုလ်လမ်းမကြီးထောင့် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံအနောက်ဘက်တွင်လည်းကောင်း စိုက်ထူခဲ့ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးရဲမင်းသော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်၊ မြို့မရဲစခန်းမှ ရဲအုပ်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## သထုံမြို့ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**သထုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် သထုံမြို့ရှိသမိုင်းဝင်လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့်စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

စေတီတော်မြတ်ကြီးမှာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးနံဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည် ဘုရားဖူးအပန်းဖြေခရီးထွက်သူအများစုတို့ ခရီးတစ်ထောက်နား ဝင်ရောက်ဖူးမြော်လေ့ရှိသည်။ မြို့၏အထင်ကရစေတီလည်းဖြစ်သည့်အလျောက် ယခုကဲ့သို့ ဝါလကင်းလွတ်သီတင်းကျွတ်ကာလတွင် ဒေသခံအပေါင်းတို့က မိသားစုအလိုက် လာရောက်ဖူးမြော်ကုသိုလ်ပြုလေ့ရှိသောကြောင့် အထူးစည်ကားသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့်အလျောက် ရွှေစာရံစေတီတော်အပါအဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန် အသီးသီးတို့၌ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲ၊ တရားသဘင်ဆင်ယင်ကျင်းပခြင်း၊ ဘုရားရှင်အား ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သီတင်းကျွတ်လပြည့်နေ့တွင် ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့်စည်ကား

**ပုသိမ် အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ယနေ့ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် ဥပုသ်သီလခံယူဆောက်တည်သူများ၊ ဝတ်ရွတ်အဖွဲ့များ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ရွှေမုဋ္ဌောမဟာစေတီတော်ကြီးအပါအဝင် ပုသိမ်မြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဥပုသ်သီလခံယူဆောက်တည်သူများ ကုသိုလ်ဒါနပြုသူများဖြင့်စည်ကားများပြားသကဲ့သို့ MSME ပြပွဲပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများ လာရောက်လေ့လာဝယ်ယူသူများ၊ နိုင်ငံကျော် တေးသံရှင်များ၏ တေးသီချင်းများဖြင့်ဖျော်ဖြေမှုများတွင်လည်း လာရောက်ကြည့်ရှုသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် ပုသိမ်တံတား၊ ရေပေါ်ဈေး၊ ကမ်းနားလမ်းရှုခင်းသာရင်ပြင်၊ ကန်သုံးဆင့်အပန်းဖြေဥယျာဉ် အစရှိသည့်နေရာများတွင်လည်း အနားယူအပန်းဖြေသူများ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားခဲ့ကြောင်းသိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)



## သမိုင်းဝင်ဒီပါရုံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ ပါဝင်ဆင်နွှဲသူများနှင့်ဘုရားဖူးလာသူများဖြင့် စည်ကားသိုက်မြိုက်

**ရေကြည် အောက်တိုဘာ ၆**

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် သမိုင်းဝင်ဒီပါရုံ စေတီတော်မြတ်ကြီးတွင် ယနေ့ သီတင်းကျွတ်လပြည့်နေ့ညတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲ ပါဝင်ဆင်နွှဲသူများနှင့် ဘုရားဖူး လာသူများဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

သမိုင်းဝင်ဒီပါရုံ စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်၊ ၂ ရက်တိုင် ဆီမီးတစ်ထောင်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပြီး ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲ ပါဝင်ဆင်နွှဲပူဇော်သူများ၊ ဘုရားဖူးလာ ညှော်သည်များဖြင့် စည်ကား သိုက်မြိုက်ခဲ့ကြောင်း သိရသည်။



အလားတူ ရေကြည်မြို့ပေါ်ရှိ သမိုင်းဝင်ထူပါရုံ၊ သီတာရုံနှင့် သမိုင်းဝင်ပဲ့နင်းကြီး မင်္ဂလာစေတီတော်မြတ်ကြီး စသည့် ဘုရားစေတီတော်များတွင် ဘုရားဖူးလာရောက်သူများ၊ ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကား သိုက်မြိုက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြဝတီမြို့ရှိ တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား

**မြဝတီ အောက်တိုဘာ ၆**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌ ယနေ့နံနက်ပိုင်းမှစတင်ကာ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဥပုသ်သီတင်းသီလဆောက်တည်သူများနှင့် စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထို့အတူ ညပိုင်းတွင်လည်း မြဝတီမြို့ ကျက်သရေဆောင် သမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၊ မိကျောင်းကုန်းဘုရား၊ အဓိဋ္ဌာန်အောင်စေတီတော်၊ ရွှေတိဂုံပုံတူစေတီတော်၊ မဟာကနကစေတီတော်တို့တွင် ရပ်နီး/ရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ၊ ဘုရားဖူးလာပြည်သူများက ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတို့ဖြင့် လာရောက်ကုသိုလ်ပြုသူများဖြင့် စည်ကားများပြားလျက်ရှိသကဲ့သို့ ရပ်ကွက်အလိုက် လမ်းများတွင်လည်း လမ်းသွားလမ်းလာပြည်သူများအား အာဟာရဒါနစတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးကုသိုလ်ယူကြသူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြောက်ဥက္ကလာပမြို့နယ်ရှိ ဘုရားစေတီများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ဘုရားစေတီများတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ကုသိုလ်ကောင်းမှု ပြုလုပ်သူ၊ တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်သူ၊ ကောင်းမှုပြု ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



မြောက်ဥက္ကလာပမြို့နယ်ရှိ ဘုရားစေတီများတွင် သာသနာနှစ် ၂၅၆၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် အမြို့မြို့အနယ်နယ်မှ ဘုရားဖူးပြည်သူများက ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ ဘုရားဖူးမြော်ခြင်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါန ငှက်နှင့် ငါးလွှတ်ခြင်း စသည့်ကုသိုလ်ကောင်းမှု လာရောက် ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

သက်လွင်စိုး(ပြန်/ဆက်)

■

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## စကားတစ်ခွန်းမှ မပြောဘဲ ကမ္ဘာကို ရယ်မောအောင်လုပ်တဲ့ သရုပ်ဆောင်

မစ္စတာဘင်း (Mr. Bean) ကိုတော့ အားလုံးသိကြမှာပေါ့နော်။ သူက ဗြိတိန်ကပါ။ သူဟာ စကားမပြောဘဲ ကိုယ်ဟန်အမူအရာ၊ မျက်နှာအမူအရာတွေနဲ့ပဲ ရယ်အောင်လုပ်ပြတတ်တဲ့ ဟာသပုံစံကြောင့် ကမ္ဘာအနှံ့ နာမည်ကြီးပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ စတင်ထုတ်လွှင့်ခဲ့ပြီး သရုပ်ဆောင်တဲ့သူကတော့ Rowan Atkinson ပဲ ဖြစ်ပါတယ်ခင်ဗျာ။

မစ္စတာဘင်းက နေ့စဉ်ဘဝမှာ အလွန်ရိုးရှင်းတဲ့ ကိစ္စလေးတွေကိုတောင် ပေါ်တောတောနဲ့ ထူးထူးဆန်းဆန်းတွေလုပ်ပြီး ဖြေရှင်းတတ်လို့ ကြည့်ရှုသူတိုင်းကို ရယ်မောစေတယ်။ ဒါပေမဲ့ Bean: The Ultimate Disaster Movie (၁၉၉၇) နဲ့ Mr. Bean's Holiday (၂၀၀၇) လို ရုပ်ရှင်ကားကြီးတွေအပါအဝင် သူ့ရဲ့ဇာတ်လမ်းတွဲတွေကို သေချာကြည့်ရင် ရယ်ရတာတွေအပြင် ဘဝသင်ခန်းစာကောင်းတွေ အများကြီးကို တွေ့နိုင်ပါတယ်။

မစ္စတာဘင်း အောင်မြင်ရတဲ့ အဓိကအချက်က ဘာသာစကားကို ကျော်လွှားနိုင်လို့ပါပဲ။ သူ့ရဲ့ဟာသတွေက စကားလုံးတွေပေါ်မှာ မတည်ဘဲ ခန္ဓာကိုယ်လှုပ်ရှားမှုနဲ့ မျက်နှာပေးတွေပေါ်မှာပဲ လုံးဝတည်မှီနေတယ်။ ဒါက စကားမပါဘဲ ထိထိရောက်ရောက် ဆက်သွယ်နိုင်တဲ့ (Non-Verbal Communication) အစွမ်းကို ပြနေတာပေါ့။

ဥပမာ၊ Mr. Bean's Holiday ဇာတ်ကားမှာ ဘာသာစကားချင်း မတူတဲ့ ကောင်လေးတစ်ယောက်နဲ့ စကားတစ်ခွန်းမှမပြောရဘဲ စိတ်ရင်းမှန်နဲ့ ကူညီပြီး နားလည်မှုယူနိုင်ခဲ့တာ တွေ့ရတယ်။ ဒါက တကယ်ထိရောက်တဲ့ ဆက်သွယ်မှုဆိုတာ စကားလုံးတွေသုံးဖို့ မလိုဘဲ၊ ရိုးသားတဲ့စိတ်ခံစားမှုနဲ့ ရည်ရွယ်ချက်ကို ဖော်ပြနိုင်ဖို့သာ အဓိကကျတယ်ဆိုတာ သက်သေပြနေတာပါ။

မစ္စတာဘင်းက ဇွဲရှိတဲ့သူ၊ ပြဿနာဖြေရှင်းတတ်တဲ့သူ တစ်ယောက်လို့လည်း ပြောလို့ရတယ်။ သူဟာ ဘယ်သွားသွား အမှားတွေအများကြီး လုပ်တတ်ပေမယ့် သူဖန်တီးလိုက်တဲ့ ပြဿနာတွေကို ဘယ်တော့မှ အရှုံးမပေးဘဲ သူ့ရဲ့ ထူးထူးခြားခြား နည်းလမ်းတွေနဲ့ ဖြေရှင်းဖို့ အမြဲကြိုးစားတယ်။

အဲဒါကို အထင်ရှားဆုံး ပြသတာက "The Curse of Mr. Bean" အပိုင်းမှာပါ။ ကားမောင်းရင်း အဝတ်လဲတာ၊ သွားတိုက်တာလုပ်ဖို့အတွက် ကားအမိုးပေါ်မှာ တံမြက်စည်းကို ကြိုးနဲ့ချည်ပြီး ကားကို ထိန်းချုပ်မောင်းနှင်ခဲ့တဲ့ ဇာတ်ဝင်ခန်းလေ။ ဒီကနေ သင်ခန်းစာယူစရာက ဘဝမှာ အမှားလုပ်မိရင် ရှက်ပြီး ထွက်မပြေးဘဲ ပြဿနာကို တည့်တည့်ရင်ဆိုင်ကာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အကောင်းဆုံး ကြိုးစားဖြေရှင်းဖို့က အရေးကြီးတယ်ဆိုတာပါပဲ။

နောက်ဆုံးအနေနဲ့ မစ္စတာဘင်းရဲ့ဘဝပုံစံက ရိုးရှင်းတဲ့အရာတွေထဲမှာ ပျော်ရွှင်မှုကို ရှာဖွေတတ်တဲ့သဘောကို ပြသတယ်။ သူက ခေတ်ပေါ်နည်းပညာတွေ၊ ဇိမ်ခံပစ္စည်းတွေကို အားမကိုးဘူး။ သူ့ရဲ့ Teddy ဝက်ဝံရုပ်နဲ့ Mini ကားလေးကိုပဲ မြတ်နိုးပြီး သူတို့နဲ့ ပတ်သက်ကာ စိတ်ကူးဉာဏ်နဲ့ ပျော်ရွှင်နေတတ်သူပါ။





စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

ဒါက လူ့ဘဝရဲ့ တကယ့်ပျော်ရွှင်မှုဆိုတာ ရှုပ်ထွေးတဲ့ဘဝပုံစံ ဒါမှမဟုတ် ဈေးကြီးတဲ့ပစ္စည်းတွေမှာမရှိဘဲ ပတ်ဝန်းကျင်က ရိုးရှင်းတဲ့ အသေးအဖွဲ့ကိစ္စလေးတွေထဲမှာတောင် ရှာလို့ရတယ်ဆိုတာကို သတိပေးနေတာပါ။ မစ္စတာဘင်းလိုပဲ ဘဝကို အလွန်အလေးအနက်ထားကာ စိုးရိမ်ပူပန်မနေဘဲ ပေါ့ပေါ့ပါးပါးနဲ့ ရယ်မောပြီး ဖြတ်သန်းသွားဖို့လည်း သူက အားပေးနေပါတယ်။

မစ္စတာဘင်းဟာ သာမန် ရယ်စရာဟာသတွေပေးတဲ့ ဇာတ်လမ်းတွဲ တစ်ခုမျှသာမဟုတ်ဘဲ သူ့ရဲ့ ဇာတ်ကောင်စရိုက်နဲ့ အပြုအမူတွေကနေ တစ်ဆင့် လူသားရဲ့ စိတ်ဓာတ်ခွန်အား၊ ဆက်သွယ်ရေးရဲ့ အရေးပါပုံနဲ့ ရိုးရှင်းစွာနေထိုင်ခြင်းရဲ့ တန်ဖိုးတွေကို ထိထိမိမိ သင်ကြားပေးနေတဲ့ အနုပညာလက်ရာကောင်းတစ်ခုပါပဲခင်ဗျာ။

**မစ္စတာဘင်း၏ သင်ခန်းစာများ (Mr. Bean's Lessons)**

- သူဟာ စကားမပါဘဲ ကိုယ်ဟန်၊ မျက်နှာအမူအရာတွေနဲ့ လူတွေကို ရယ်အောင်လုပ်တတ်လို့ ကမ္ဘာမှာ ကျော်ကြားတာပါ။
  He is famous globally for his unique comedy, which uses no words, relying only on body and facial expressions to make people laugh.
- ရယ်ရတာတွေအပြင် ဘဝအတွက် အရေးကြီးတဲ့ သင်ခန်းစာတွေ အများကြီးလည်း ရနိုင်ပါတယ်။
  Beyond the laughs, you can also find many valuable life lessons.
- မစ္စတာဘင်းအောင်မြင်ရတာဟာ ဘာသာစကား ကန့်သတ်ချက် မရှိလို့ပါ။
  The main key to Mr. Bean's success is that he can overcome the language barrier.
- ဒီအချက်က ထိရောက်တဲ့ဆက်သွယ်မှုအတွက် စကားလုံးတွေ မလိုဘဲ၊ ရိုးသားတဲ့ခံစားချက်နဲ့ ရည်ရွယ်ချက်ကို ဖော်ပြဖို့ပဲ အဓိကကျတယ်ဆိုတာ ပြနေပါတယ်။
  This proves that effective communication doesn't require words but mainly depends on expressing honest feelings and intentions.
- သူဟာ ဖန်တီးမိတဲ့ ပြဿနာတွေကို ဘယ်တော့မှလက်မလျှော့ဘဲ သူ့ရဲ့ ထူးခြားတဲ့နည်းလမ်းတွေနဲ့ ဖြေရှင်းဖို့ အမြဲကြိုးစားတယ်။
  He never gives up on the problems he creates and always tries to solve them with his own unique methods.
- လူ့ဘဝရဲ့ တကယ့် ပျော်ရွှင်မှုဆိုတာ ဈေးကြီးတဲ့ပစ္စည်းတွေမှာ မရှိဘဲ ပတ်ဝန်းကျင်က ရိုးရှင်းတဲ့အသေးအဖွဲ့ကိစ္စလေးတွေ ထဲမှာတောင် ရှာလို့ရတယ်ဆိုတာကို သတိပေးနေတာပါ။
  This reminds us that true happiness in life isn't found in expensive items, but can be discovered even in the simple, small matters around us.
- မစ္စတာဘင်းဟာ ရယ်စရာဇာတ်လမ်းတွဲသက်သက် မဟုတ်ဘဲ၊ လူ့စိတ်ဓာတ်၊ ဆက်သွယ်မှုနဲ့ ရိုးရှင်းတဲ့ဘဝတန်ဖိုးတွေကို ထိထိမိမိ သင်ကြားပေးတဲ့ အနုပညာလက်ရာကောင်းတစ်ခုပါပဲ။
  Mr. Bean is more than just a funny show. He is a great piece of art that effectively teaches us about human spirit, the importance of communication, and the value of simple living.

## မပြေပြစ်သော အမှားများ

လှသမိန်

(၁၀-၉-၂၀၂၅ ရက်နေ့မှအဆက်)

ဂ

**အမှား။** အစည်းအဝေးတွင် သဘာပတိက သယ်ယူပို့ဆောင်ရေးသည် အရေးကြီး**ကြောင်း**ကို အလုပ်သမားတိုင်း သိရှိအပ်ကြောင်း စသည်ဖြင့် ပြောကြား**ကြောင်း**နှင့် သတင်းရရှိ**ကြောင်း**။

**အမှန်။** အစည်းအဝေးတွင် သဘာပတိက သယ်ယူပို့ဆောင်ရေး၏ အရေးကြီးပုံကို အလုပ်သမားတိုင်း သိရှိအပ်**ကြောင်း** စသည်ဖြင့် ပြောကြားသည်ဟု သတင်းရရှိကြောင်း။

**ပြင်ဆင်ချက်။** (ကြောင်း)များထပ်လွန်းသဖြင့် အချို့ကိုလှယ်၍ ပြောင်းလဲသုံးနှုန်းသဖြင့် ပြေပြစ်စေသည်။

ဃ

**အမှား။** စာရေးအား ကုန်လက်ကျန်သိ**ရန်** စာရင်းရှင်း**ရန်** ဆိုင်သို့လာ**ရန်** ချိန်းဆိုသည်။

**အမှန်။** စာရေးအား ကုန်လက်ကျန်**သိရအောင်** စာရင်းရှင်းဖို့**အတွက်** ဆိုင်သို့လာ**ရန်** ချိန်းဆိုသည်။

**ပြင်ဆင်ချက်။** (ရန်)များထပ်လွန်းသဖြင့် အချို့ကိုလှယ်၍ ပြောင်းလဲသုံးနှုန်းသဖြင့် ပြေပြစ်စေသည်။

င

**အမှား။** ၁၃၃၀-ခုနှစ်တွင် စာမေးပွဲကျင်းပမည်။

**အမှန်။** ၁၃၃၀-ပြည့်နှစ်တွင် စာမေးပွဲကျင်းပမည်။

**ပြင်ဆင်ချက်။** ရာပြည့်၊ ဆယ်ပြည့်ကိန်းများတွင် (ခု)အစား (ပြည့်)ကိုသာ သုံးစွဲရသည်။

### သတ်ပုံအမှားများ

**မြန်မာစာတွင် အသံတူသော်လည်း အပင့်အရစ်နှင့် အသတ်ကွဲပြား၍၊ ထိုသို့ကွဲပြားသည့်အလျောက် အဓိပ္ပာယ်လည်း ကွဲပြားရလေသည်။ ထို့ကြောင့် သတ်ပုံသတ်ညွှန်းကိုလည်း ကျနမှန်ကန်အောင် သတိပြုရန် လိုပေသည်။ အောက်တွင် သတ်ပုံမှားပုံကို ဖော်ပြထားသည်။**

ကြ-ကျ

**အမှား။** ဆရာတို့သည် တပည့်များအား စိတ်တိုင်း**ကြ**၏။

**အမှန်။** ဆရာတို့သည် တပည့်များအား စိတ်တိုင်း**ကျ**၏။

**အကြောင်းပြ။** (ကြ)သည် ကြိယာထောက်အများပြ စကားလုံးဖြစ်၍ စိတ်အခြေအနေကို တိုင်းထွာစစ်ဆေးကြဘိသကဲ့သို့ အဓိပ္ပာယ်ရောက်စေသည်။ (ကျ)မှာ ကျရောက်ခြင်း အဓိပ္ပာယ်ရှိ၍ စိတ်အလိုအတိုင်း ကျရောက်ခြင်းရှိသည်ဟု အနက်ပေါ်လွင်သည်။

သတ်-သပ်

**အမှား။** ဆရာဝန်သည် လူနာအား စမ်း**သတ်**၏။

**အမှန်။** ဆရာဝန်သည် လူနာအား စမ်း**သပ်**၏။

**အကြောင်းပြ။** (သတ်)သည် သတ်ဖြတ်ခြင်းအဓိပ္ပာယ်ရှိ၍ လူနာကို လက်တည့်စမ်းခြင်းဖြင့် သေစေလေ့ရှိသကဲ့သို့ အနက်ပေါ်စေ၏။ (သပ်)မှာ သုံးသပ်၊ လက်သပ် စသည်ကဲ့သို့ ထိတွေ့ စူးစမ်းခြင်းကို ပေါ်လွင်စေသည်။

ကျွေး-ကြွေး

**အမှား။** အိမ်နီးချင်းကို **ကျွေး**ပေးက မိတ်ပျက်ရတတ်၏။

**အမှန်။** အိမ်နီးချင်းကို **ကြွေး**ပေးက မိတ်ပျက်ရတတ်၏။

**အကြောင်းပြ။** (ကျွေး)မှာ ပေးကမ်းကျွေးမွေးခြင်းကို ဆိုလို၍၊ (ကြွေး)မှာ ထုတ်ချေးခြင်း၊ နောင်မှ ဆပ်စေခြင်းတို့ကို ဆိုလိုသဖြင့် အဓိပ္ပာယ်ကွဲပြားခြားနားစေသည်။

ခါ-ကာ

**အမှား။** မမိ စာခြောက်**ခါ** လယ်စောင့်သည်။

**အမှန်။** မမိ စာခြောက်**ကာ** လယ်စောင့်သည်။

**အကြောင်းပြ။** (ခါ)မှာ အကြိမ်အခါကိုဖော်ပြ၍ ခြောက်ကြိမ် အဓိပ္ပာယ်ရောက်နိုင်သည်။ ပြုမူကာမျှ၊ မည်ကာမတ္တ စသည်တို့၌ (ကာ)ဟုသာ ရေးရလေသည်။

လျှက်-လျက်

**အမှား။** သူစားချင်**လျှက်** မစားရဘဲရှိသည်။

**အမှန်။** သူစားချင်**လျက်** မစားရဘဲရှိသည်။

**အကြောင်းပြ။** (လျှက်)မှာ သန်လျှက်ဟူသော အသုံးသာရှိ၍၊ ပြောသံ၌ စားချင်ရက်၊ သွားရက်၊ လာရက်စသော (ရက်)အသံများအတွက် (လျက်)ဟု ဟထိုးမပါဘဲ ရေးရသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးပြည်သူလေးသောင်းကျော် လာရောက်ဖူးမြော်

မော်လမြိုင် အောက်တိုဘာ ၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စဉ်ဆက်မပြတ်လာရောက်ဖူးမြော်နေကြပြီး ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် ပြည်တွင်း၊ ပြည်ပဘုရားဖူးပြည်သူပေါင်း လေးသောင်းကျော် လာရောက်ဖူးမြော်ခဲ့ကြကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။



**စည်ကားများပြား**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် ရင်ပြင်တော်သန့်ရှင်းသာယာရေးကို အထူးအလေးထားဆောင်ရွက်နေကြောင်း၊ ၎င်းအပြင် လုံခြုံရေး၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘုရားဖူးပြည်သူများ လွယ်ကူအဆင်ပြေစွာ တက်ရောက်ဖူးမြော်နိုင်ရန် တောင်တက်ကား ၁၅၂ စီး စီစဉ်ထားပြီး လူဦးရေနှင့် ယာဉ်စီးခနှုန်းထားများကို သတ်မှတ်ပေးထားကြောင်း၊ ဘုရားပွဲတော်ကာလအတွင်း၊ အပြင် တစ်နှစ်ပတ်လုံးတောင်တက်ကားများဖြင့် စေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်နိုင်ကြောင်း၊ ဘုရားဖူးပြည်သူများ စည်ကားများပြားသည့်အတွက် ကျိုက်ထီးရိုးတောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန်စသည့်နေရာများ၊ ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့်စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများပြားလျက်ရှိကြောင်း၊ ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် ဆွမ်းဆန်တော်လောင်းလှူခြင်း၊ တိုင်းရင်းသားရိုးရာအကအလှများဖြင့်ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိသည်။

**လာရောက်ဖူးမြော်**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် ယခုနှစ်ဘုရားပွဲတော်ကာလ ၂၀၂၅ ခုနှစ် ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် ပြည်တွင်းဘုရားဖူးလေးသောင်းကျော် လာရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# ကျိုက်လတ်မြို့နယ် မဟာအတုလမြတ်မုနိရုပ်တော်မူဘုရားကြီး၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိ

ကျိုက်လတ် အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် (၂)ဖြတ်လမ်းတွင် တည်ထားကိုးကွယ်တော်မူသော မဟာအတုလ မြတ်မုနိရုပ်တော်မူဘုရားကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်း၌ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။ ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှစတင်ကာ ဘုရားဖူးလာရောက်သူများဖြင့်စည်ကားလျက်ရှိပြီး ဘုရားများတွင် ဆီမီး၊ ရေချမ်း၊ ပန်း၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းခြင်း၊ ညပိုင်းတွင် ဆီမီးများဆက်ကပ်ပူဇော်ခြင်း၊ ဘုရားလမ်းတစ်လျှောက်တွင် ဈေးဆိုင်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ ဆီမီး ၅၀၀၀ ပူဇော်

ကျောင်းကုန်း အောက်တိုဘာ ၆

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့၏ ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ ယနေ့ သီတင်းကျွတ် လပြည့်နေ့ည ဆီမီး ၅၀၀၀ ပူဇော်ပွဲတွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



# မရမ်းကုန်းမြို့နယ်၌ (၂၈)ကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာပြုလုပ်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဝရဒါဠှာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်၌ ယနေ့သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် (၂၈) ကြိမ်မြောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဦးစွာ ယနေ့နံနက်ပိုင်းက စွယ်တော်မြတ် စေတီတော်၌ အရုဏ်ဆွမ်း ကပ်လှူပူဇော်ခြင်းနှင့် သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးအစရှိသည်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နံနက် ၈ နာရီက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တ နန္ဒသာမိဘိဝံသထံမှ ရှစ်ပါးသီလခံယူခြင်း၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဩဝါဒါစရိယ ဆရာတော်ကြီး ခုနစ်ပါးဖြစ်တော်မူသော ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ၊ ဘဒ္ဒန္တ အဂ္ဂဓမ္မ၊ ဘဒ္ဒန္တ အဂ္ဂသာမိ၊ ဘဒ္ဒန္တ ဆေကိန္ဒ၊ ဘဒ္ဒန္တ မေတ္တေယျ၊ ဘဒ္ဒန္တ ဝိလာသဂ္ဂ (ဓမ္မမဥ္ဇူရီကျောင်း)၊ ဘဒ္ဒန္တ ဝိလာသဂ္ဂ (ကလေးဝတောရကျောင်း) တို့ထံမှ ပရိတ်တရားတော်များ နာယူခဲ့ပြီး လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်း၍ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားသွားကျောင်းတက်ကုသိုလ်ပြုသူများ စည်ကားလျက်ရှိ

အုတ်တွင်း အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နံနက်ပိုင်းက ဘုရားသွားကျောင်းတက်ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။



မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ဘုရားများသို့ သွားရောက်ဖူးမြော်ခြင်းများအပြင် ရပ်ကွက်/ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဥပုသ်သီလဆောက်တည်ကြ၍ ကုသိုလ်ပြုကြသူများအား အလှူရှင်များက စတုဒိသာ ကျွေးမွေးခြင်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ ခင်ခင်မာ( ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၆**

သီတင်းကျွတ်လသည် မြန်မာရာသီ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင်မှ ဟောကြား ပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဇီဝိတဒါနငါး/ ငှက်လွှတ်ခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်၌ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနိယလေးဌာန အပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် စတုဒိသာ ကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှုဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီး သွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက်တွင် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက် အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးထွန်းညှိပူဇော်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူ အပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးမြို့ အမရပူရမြို့နယ် ဝေရောစနကျောက်စိမ်းစေတီ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။











ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဆင်ထားသည်ကို တွေ့ရစဉ်။

## သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီမြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံ လွှတ်တင်ပူဇော်



ဟိုင်းကြီးကျွန်း အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီမြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ ၁၃၈၇ ခုနှစ် သီတင်းကျွတ် လပြည့်(အဘိဓမ္မာအခါတော်)နေ့၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်း များပြုလုပ်ရာ ဘုရားဖူးမိဘပြည်သူများဖြင့် စည်ကား လျက်ရှိကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့သူ မြို့သားများနှင့် ရပ်ဝေး ရပ်နီးမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးမိဘ ပြည်သူများသည်သမိုင်းဝင်ဆံတော်ရှင်မဟာမကုဋရုံသီ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးနှင့် ဟိုင်းကြီး ကျွန်းမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ပန်း၊ ဆီမီး၊ သောက်တော်ရေချမ်း၊ အမွှေးနံ့သာများဖြင့် ကပ်လှူ ပူဇော်ခြင်း၊ ရွှေသင်္ကန်းများကပ်လှူခြင်း၊ ဝတ္ထုငွေ များဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီလဆောက်တည် ခြင်းတို့ဖြင့် ဟိုင်းကြီးကျွန်းမြို့၌ စည်ကားလျက်ရှိ ကြောင်း သိရသည်။ ဟိုင်းကြီးကျွန်း(ပြန်/ဆက်)



## ကျိုင်းတုံမြို့နယ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

ကျိုင်းတုံ အောက်တိုဘာ ၆

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ဘုရားကျောင်းကန်၊ စေတီ၊ ပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ မဟာမြတ်မုနိဘုရား၊ ရပ်တော်မူဘုရား နှင့် ဘုရားကျောင်းကန်၊ စေတီ၊ ပုထိုးများတွင် ဥပုသ်သီလဆောက်တည် သူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားခဲ့ပြီး ကျိုင်းတုံမြို့နယ် သံသရာအေးကျောင်းတိုက်နှင့် ပန်ကွဲတောင်အနီးရှိ ဗုဒ္ဓဥယျာဉ်တို့တွင် သံဃာ့ပဝါရဏာ(သိမ်ဆင်း)ဆွမ်းဆန်စိမ်းလောင်းလှူ သူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ အောင်ဇင်မြင့်(ပြန်/ဆက်)

## တွံတေးမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကား

တွံတေး အောက်တိုဘာ ၆

ယနေ့ကျရောက်သည့် မြန်မာ သက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ် လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး တွံတေး မြို့၏ ကျက်သရေဆောင် ဆံတော် ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆကေသာဓာတု ရှေးဟောင်း သမိုင်းဝင် ရွှေဆံတော်စေတီတော် မြတ်ကြီး၌ ယနေ့နံနက်ပိုင်းမှ စတင်ကာ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေး



နံ့သာများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှု ပြုသူများ၊ တရားဘာဝနာ ပွားများကျင့်ကြံ အားထုတ်သူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာပြည်သူများဖြင့်အထူးစည်ကား လျက်ရှိကြောင်း သိရသည်။

အဆိုပါ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၌ အဘိဓမ္မာ အခါတော်နေ့ သီတင်းကျွတ် လပြည့်နေ့ ညနေပိုင်းတွင် ဘုရား ပရိဝုဏ်အတွင်း ဆီမီး ၅၀၀၀ ပူဇော် ပြီး မီးများအလှဆင် ထွန်းညှိထား ကာ ဘုရားဖူးပြည်သူများက ဆီမီးများ ထွန်းညှိပူဇော် ကုသိုလ်ဒါနပြုခဲ့ကြပြီး ဘုရားဖူး ပြည်သူများစိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်စေရန် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ နှင့် ရပ်ကွက်များအတွင်းရှိ လမ်းသွယ်၊ လမ်းကြား၊ လမ်းမကြီး များတွင် အလှမီးများထွန်းညှိခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မျိုးလှိုင်(တွံတေး)

## ဝါးခယ်မ၌ နှစ်စဉ်အစဉ်အလာမပျက် သီတင်းကျွတ်လပြည့်နေ့ သံဃပဝါရဏာနှင့် သိမ်ဆင်းလောင်းလှူပွဲ ပြုလုပ်

ဝါးခယ်မ အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ သီတင်းကျွတ် လပြည့်နေ့ သံဃပဝါရဏာနှင့် သိမ်ဆင်းလောင်းလှူပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မင်းပိုင်းရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက်၌ ပြုလုပ်သည်။

ဦးစွာ သံဃပဝါရဏာနှင့် မဟာပုညကျောင်း ဘဒ္ဒန္တစန္ဒောဘာသ သက်တော်ရှည် မဟာထေရ်မြတ်အား တက်ရောက်လာကြသည့် သံဃာတော်များ၊ ဧည့်ပရိသတ်များက ပူဇော်ကန်တော့ကြပြီး ပရိတ်တရားတော်များ နာယူပွားများကြည်ညိုကာ လှူဖွယ်ပစ္စည်းများ နှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ထို့နောက် ဝါးခယ်မမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၇၂ ကျောင်းမှ သံဃာတော် ၂၁၈ ပါးတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီး မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက နှစ်စဉ်အစဉ်အလာ မပျက် လှူဖွယ်ဝတ္ထုများဖြင့် သိမ်ဆင်းလောင်းလှူ ဆက်ကပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)



## မိုးနဲမြို့နယ်၌ (၇၇)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပ

မိုးနဲ အောက်တိုဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ (၇၇)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို နောင်ကျော့ရပ်ကွက် ဓမ္မာရုံ၌ ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

တက်ရောက်လာသည့် ဧည့်ပရိသတ်အပေါင်းတို့က ရှစ်ပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး မြို့နယ်ဂေါပကဥက္ကဋ္ဌ ဦးတိုးလှက အဘိဓမ္မာ အခါတော်နေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဘိဓမ္မာအခါတော်နေ့ အမေးအဖြေများအဖြစ် ဓမ္မသင်္ဂဏီပါဠိတော်၊ ဝိဘင်္ဂပါဠိတော်၊ ဓာတုကထာပါဠိတော်၊ ပုဂ္ဂလ ပညတ္တိပါဠိတော်၊ ကထာဝတ္ထုပါဠိတော်၊ ယမကပါဠိတော် ၊ ပဋ္ဌာန်းပါဠိ တော်တို့၏ ကောက်နုတ်ချက် အမေး/အဖြေများကို တာဝန်ရှိသူများက မေးမြန်းဖြေကြားခဲ့ကြပြီး တက်ရောက်လာကြသူများက ဆုတောင်း အမျှဝေခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ထားဝယ်မြို့ ရွှေတောင်စားစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

ထားဝယ် အောက်တိုဘာ ၆

သီတင်းကျွတ်လပြည့်နေ့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် အားလျော်စွာ ထားဝယ်ဒေသရှိ ဘုရားပုထိုး စေတီများ၊ ထားဝယ်မြို့ ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးတို့တွင်



ယနေ့ညနေပိုင်းက ဒေသခံပြည်သူများ အပါအဝင် ဘုရားဖူးလာသူများက ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြသူများဖြင့် စည်ကား လျက်ရှိသည်။

ထို့ပြင် ဘုရားဖူးလာ ပြည်သူများက အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့အတူ တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ၊ ဘုရား၊ ပုထိုး၊ စေတီများ တွင်လည်း ဘုရားဖူးလာ ပရိသတ်များဖြင့် စည်ကားလျက်ရှိပြီး မောင်းမကန်ကမ်းခြေ အပါအဝင်ကမ်းခြေများတွင် လာရောက်အပန်း ဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ငွေဇင်ယော်(ထားဝယ်)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင်ကျင်းပသည့် ကာလဒါနအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်

မန္တလေး အောက်တိုဘာ ၆

မတ်လ ၂၈ ရက် မွန်းလွဲပိုင်းက အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုဖြစ်စဉ်ကြောင့် တိုင်းဒေသကြီးအတွင်း အဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးခြင်း၊ အဆောက်အအုံများအတွင်း ပိတ်မိ၍ ထိခိုက်သေဆုံးခဲ့သူများစွာရှိခဲ့ပြီး ပျံလွန်တော်မူသွားခဲ့ကြသော ဆရာတော်၊ သံဃာတော်၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သေဆုံးကွယ်လွန်သွားကြသူများကိုရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေ ကာလဒါန အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိမဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ၊ ပြင်ဦးလွင်မြို့ ၃၂ မိုင်ရှိ ဝိပဿီဓမ္မရိပ်သာ၊ မန္တလေးမြို့ စကုတိုက် အောင်မင်္ဂလာပရိယတ္တိ ခြောက်ထပ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒနှင့် ဆရာတော်၊



သံဃာတော် ၁၃၁ ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင် ကိုကျော်ကျော်ဦးနှင့် မနန်းမိုခမ်း မိသားစု၊ အလှူရှင်များ၊ ဝတ်အသင်းများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှအတန်းပေးဝေကာ အနုမောဒနာတရားများ နာယူကြည်ညိုကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် ၁၃၁ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်မိသားစုများနှင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းကြသည့် အလှူရှင်များ၊ တာဝန်ရှိသူများက နေ့ဆွမ်းများ၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်းနှင့် ယနေ့အခမ်းအနားတွင် ဆရာတော်၊ သံဃာတော် ၁၃၁ ပါးအတွက် နဝကမ္မဝတ္ထုငွေကျပ် ၁၄၄၁ သိန်း၊ ဆွမ်းသပိတ်နှင့် ဆွမ်းလှူဒါန်းမှု ၂၆၂ သိန်းအပါအဝင် လှူဒါန်းမှုမှာ စုစုပေါင်း ၁၇၀၃ သိန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၆၄)ကြိမ်မြောက် သံဃမဟာပဝါရဏာပွဲတော်ကျင်းပ

တောင်ငူ အောက်တိုဘာ ၆

တောင်ငူမြို့ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၆၄)ကြိမ်မြောက် သံဃမဟာပဝါရဏာ ပွဲတော်ကို ယနေ့မွန်းလွဲပိုင်းက ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၆၄)ကြိမ်မြောက် သံဃမဟာပဝါရဏာ ပွဲတော်ကြီးတွင်ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ



ဂန္ဓဝင် ကိုးခန်းသိမ်တော်ကြီး အတွင်း၌ ဆရာတော်၊ သံဃာတော် များက ပဝါရဏာပြုတော်မူကြသည်။

အဆိုပါ ပဝါရဏာပြုတော်မူကြသည့် ဆရာတော်၊ သံဃာတော် ၃၆၂ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် အပါး ၁၀၀ အား တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဦးဆောင်၍ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အသီးသီးတို့ စုပေါင်း၍ လှူဖွယ်ဝတ္ထု ပစ္စည်းများဖြင့် ပဝါရဏာပွဲတွင် လောင်းလှူခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## မိုင်းရယ်မြို့နယ်၌ ဌာနဆိုင်ရာများနှင့် ပြည်သူများက သီတင်းကျွတ်လပြည့်နေ့တွင် သံဃာတော် ၁၈၈ ပါးတို့အား စုပေါင်းဆွမ်းဆန်တော် လောင်းလှူ

မိုင်းရယ် အောက်တိုဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့ သီတင်းကျွတ်ပွဲတော်၌ သံဃာတော်များအား စုပေါင်းဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မိုင်းရယ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ သီရိမင်္ဂလာစွမ်ဆိုင် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

### ဆွမ်းဆန်တော်များ လောင်းလှူ

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်မိဘပြည်သူများက သံဃာတော် ၁၈၈ ပါးတို့အား ဆွမ်းဆန်တော်များကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇနဖြူမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အလှူရှင်များစုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူ

ဇနဖြူ အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဇနဖြူမြို့နယ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အလှူရှင်များစုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးနှင့် ပိဋကတ်သုံးပုံကျောက်စာတိုက်ကြီး၏ ဘုရားဝင်းအတွင်း၌ ယနေ့ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဦးရေဝတထံမှ သီလတရားနာယူကာ ရေစက်ချအမျှအတန်းပေးဝေခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၃၁ ကျောင်းမှ ဆရာတော်၊ သံဃာတော် အပါး ၁၀၀ တို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၉၅၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့၌ စုပေါင်းသံဃမဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းဆွမ်းလောင်းလှူပွဲ ကျင်းပ

ဘုတ်ပြင်း အောက်တိုဘာ ၆

သီတင်းကျွတ် လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းတိုက်အသီးသီးတို့၌ ၁၃၈၇ ခုနှစ် ဝါဆိုဝါကပ်တော်မူကြပြီး သီတင်းသုံးတော်မူသော ဆရာတော်၊ သံဃာတော်များ စုပေါင်း၍ သံဃမဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အောင်မင်္ဂလာရပ်ကွက် မာန်အောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ မဟာသိမ်တော်သာသနာ့ဗိမာန်တော်၌ ဘုတ်ပြင်းမြို့ မြို့နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော် သီရိမင်္ဂလာ တပ်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဝန ဦးဆောင်၍ သံဃာတော် အပေါင်းက နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခြင်း၊ ပဝါရဏာပြုသံဃာအရေအတွက် ဖတ်ကြားခြင်း၊ ပဝါရဏာ အမေးအဖြေပြုခြင်း၊ ဝါစဉ်အလိုက် သံဃာ့ပဝါရဏာပြုခြင်း၊ မေတ္တာသုတ်ပရိတ်တရားတော်များ ပွားများပူဇော်ခြင်း၊ ထေရ်ကြီးဝါကြီး ဆရာတော်၊ သံဃာတော်များထံမှ အဆုံးအမ ဩဝါဒခံယူခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

၁၃၈၇ ခုနှစ် သီတင်းကျွတ် လပြည့်နေ့ မွန်းလွဲပိုင်းတွင် ဆရာတော်၊ သံဃာတော်များက ဝါစဉ်အလိုက် စုပေါင်းသံဃမဟာပဝါရဏာ ပြုတော်မူကြသည်။

ယင်းနောက် သိမ်ဆင်းသံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို



ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များက လှူဖွယ်ဝတ္ထု ပစ္စည်းများကို စေတနာသဒ္ဓါတရား ထက်သန်စွာ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်မြို့၌ ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရှင်သီဝလိရဟန္တာမြတ်တို့ ဒေသစာရီကြွချီအပူဇော်ခံ



ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ်၌ ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရှင်သီဝလိရဟန္တာမြတ်တို့ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူ ပွဲတော်ကို အောက်တိုဘာ ၅ ရက် ည ၁၂ နာရီကစတင်၍ ကျင်းပကြပြီး အောက်တိုဘာ ၆ ရက် (သီတင်းကျွတ်လပြည့်နေ့) တွင်လည်း မြို့တွင်းသို့ ဒေသစာရီကြွချီ အပူဇော်ခံယူပွဲတော်ကို ဆက်လက်ပြုလုပ်ခဲ့သည်။

ထန်းတပင်မြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ လွှမ်းစေတီဘုရားကြီးကျောင်းတိုက်တွင် ကိန်းဝပ်စံပယ်တော်မူသော ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရှင်သီဝလိရဟန္တာမြတ်တို့ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်ကာလရောက်တိုင်း ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၅ ရက် ည ၁၂ နာရီမှစတင်၍ မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံယူခြင်းဖြစ်ပြီး အောက်တိုဘာ ၈ ရက်အထိ နေ့စဉ် မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီ အပူဇော်ခံယူသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်ကားလျက်ရှိ**

မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီ အပူဇော်ခံရာလမ်းတစ်လျှောက်တွင်လည်း ဂေါပကအဖွဲ့ဝင်များနှင့် လူငယ်အဖွဲ့များက လိုက်ပါကုသိုလ်ယူဆောက်ရွက်ကြပြီး ရပ်ကွက်အလိုက် စေတနာရှင်အလှူရှင်များကလည်း ကုသိုလ်ဒါနအဖြစ် မုန့်များ၊ အစားအသောက်များ လှူဒါန်းခြင်းများဖြင့် သီတင်းကျွတ်ပွဲတော်ကာလ၌ စည်ကားလျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ဒဂုံမြို့သစ် ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီ)စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပင့်ဆောင်ပူဇော်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ပြည်ကြီးချမ်းသာမဟာစေတီတော်ကြီး(မြို့ဦးစေတီ)အား ဆဋ္ဌမအကြိမ် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန်အတွက် စေတီတော်အထွဋ်ရှိ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ပူဇော်နိုင်ရန် ပင့်ဆောင်ခြင်း အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက စေတီတော်အထွဋ်နှင့် ရင်ပြင်တော်ပေါ်တွင် ကျင်းပသည်။

ဦးစွာ စေတီတော်တောင်ဘက်မုခ်တန်ဆောင်း၌ မြို့နယ်အကျိုးတော်ဆောင် ဘဒ္ဒန္တပဏ္ဍိစ္စ(ပညာရာမကျောင်းတိုက်)ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး မင်္ဂလာအချိန်တွင် စေတီတော်အထွဋ်ရှိ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အဆင့်ဆင့် ပင့်ဆောင်ခဲ့ကြကာ စေတီတော်အား လက်ျာရစ်သုံးပတ် လှည့်လည် အပူဇော်ခံခဲ့ကြသည်။



ပြည်ကြီးချမ်းသာမဟာစေတီတော်ကြီး(မြို့ဦးစေတီ)စေတီတော်အထွဋ်ရှိ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ရဟန်းရှင်လူပြည်သူများ ဖူးမြော်ပူဇော်နိုင်ရန် အောက်တိုဘာ ၆ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ စေတီတော် တောင်ဘက်စောင်းတန်း၌ အပူဇော်ခံထားရှိမည်ဖြစ်ရာ ပြည်သူများ လာရောက်ဖူးမြော်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြင့်မြင့်ရီ



## ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပ

သံဖြူဇရပ် အောက်တိုဘာ ၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကျိုက္ခမီဘုရားကြီး၏ သာသနဇ္ဇဗိမာန်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အေးရိပ်သာမဟာစည် မန္တလေးကျောင်းတိုက် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိသုတာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်ဖြင့် ချီးမြှင့်ကာ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုအစုစုတို့ကို မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်၊ သံဖြူဇရပ်တပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှစ၍ လပြည့်ကျော် ၅ ရက်အထိ နှစ်စဉ်ကျင်းပပြီး လပြည့်နေ့နံနက်တွင် ဆွမ်းအိုးမှောက်ပွဲပြုလုပ်ကာ လပြည့်ကျော် ၅ ရက်အထိ ဇာတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် လက်ဝှေ့ပွဲများဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






# ပဲခူးမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်၊ မီးမျှောပူဇော်ပွဲ၊ MSME လယ်ယာသုံးစက်ကိရိယာပစ္စည်း ထုတ်ကုန်များ ပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ပဲခူး အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ယမန်နေ့ ညနေပိုင်းက ပဲခူးမြို့ သီတင်းကျွတ်မီးထွန်းပွဲတော်၊ မီးမျှောပူဇော်ပွဲ၊ MSME လယ်ယာသုံးစက်ကိရိယာပစ္စည်း ထုတ်ကုန်များ ပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားတို့ကို စည်းကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ သီတင်းကျွတ်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် မြို့မိ/မြို့ဖ နှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရာ ရွှေမော်ဓောဘုရားလမ်းတစ်လျှောက်ရှိ မီးအလှဆင်ရုပ်ပုံများနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲအလှဆင်ထားရှိမှုတို့ကို အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသည့် ပြည်သူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပဲခူးမြစ်၌ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရပ်ကွက်နေပြည်သူများနှင့်အတူ မြတ်ဗုဒ္ဓထံ ရည်မှန်း၍ မီးကြာခွက် ၂၀၀၀ ကို မီးမျှောပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညပိုင်းတွင် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားဝင်း၌ ပြုလုပ်သည့် MSME လယ်ယာသုံးစက်ကိရိယာပစ္စည်း ထုတ်ကုန်များ ပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက MSME လယ်ယာသုံးစက်ကိရိယာပစ္စည်း ထုတ်ကုန်များ ပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးအပ်ပြီး ပဲခူးမြို့ သီတင်းကျွတ်မီးထွန်းပွဲတော်သို့ လာရောက်လည်ပတ်အားပေးသည့် ဧည့်ပရိသတ်များအား နိုင်ငံကျော်အဆိုတော်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သီတင်းကျွတ်ရုံးပိတ်ရက် ချောင်းသာကမ်းခြေတွင် လာရောက်လည်ပတ်သူများပြား

ချောင်းသာ အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာကမ်းခြေသို့ သီတင်းကျွတ် ရုံးပိတ်ရက်များဖြစ်သည့် အောက်တိုဘာ ၄ ရက်မှ ၇ ရက်အတွင်း ခရီးသွားဧည့်သည်များ ယခင်နှစ်ထက်ပိုမိုလာရောက်လည်ပတ်လျက်ရှိသည်။



**ပိုမိုလာရောက်လည်ပတ်**

ချောင်းသာ ကမ်းခြေသည် ကမ်းခြေရှည်လျားပြီး လည်ပတ်စရာ နေရာများစွာ ရှိသောကြောင့် ရုံးပိတ်ရက်များအတွင်း လာရောက်အပန်းဖြေလည်ပတ်ကြရာ ယခုနှစ်တွင် ယခင်နှစ်ထက် ခရီးသွားဧည့်သည် ပိုမိုလာရောက်လည်ပတ်လျက်ရှိသည်။ ခရီးသွားဧည့်သည်များပြားစွာ လာရောက်လည်ပတ်သည့်အတွက် ဒေသခံများကလည်း ဒေသထွက်အစားအစာများ၊ ပင်လယ်ထွက် အမှတ်တရပစ္စည်းများ ပိုမိုရောင်းချရသည့်အတွက် အဆင်ပြေလျက်ရှိကြသည်။

ခရီးသွား ဧည့်သည်များ စိတ်အေးချမ်းသာစွာ လာရောက်လည်ပတ်နိုင်ရေးနှင့် ကမ်းခြေသာယာ လှပရေးအတွက် ချောင်းသာမြို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများပူးပေါင်း၍ ကမ်းခြေတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်း၊ ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**



# မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက ကျောက်မှော်ဘုန်းကြီးကျောင်းသို့ ရေဂါလန် ၈၀၀ လှူဒါန်း

အထက်မင်းလှ အောက်တိုဘာ ၆

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ သံဃာတော်များ သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်စေရန်ရည်ရွယ်၍ မီးသတ်ဦးစီးဌာနက ကျောက်မှော်ဘုန်းကြီးကျောင်းသို့ ယနေ့ နံနက် ၉ နာရီက ရေဂါလန် ၈၀၀ သွားရောက်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ကိုကို ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေယာဉ်တစ်စီးဖြင့် သောက်သုံးရေ ရေဂါလန် ၈၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ရပ်ကွက်ပေါင်းစုံ/ဌာနဆိုင်ရာ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီချစ်ကြည်ရေးဖလား ရပ်ကွက်ပေါင်းစုံ/ဌာနဆိုင်ရာ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က အမှတ်(၆)ရပ်ကွက် အောင်မြေသာယာ အားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် အသင်းလိုက်ဆုရရှိသူများအား အင်စိန်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်သည်။

ထို့ပြင် နည်းပြများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများ၊ ဘင်ခရာတပ်ဖွဲ့ဝင်များ၊ အေရိုးဗစ် သရုပ်ပြဖျော်ဖြေရေးအဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

ဆရာအတတ်ပညာရေးဦးစီးဌာန ရန်ကုန်ဇုန် ၂ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး**

**✪ လက်ရှိချန်ပီယံမှ**

အခုပွဲစဉ်မှာ နာပိုလီအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟွိုက်လန်းဟာ နာပိုလီအသင်းနဲ့အတူ နောက်ဆုံးနှစ်ပွဲမှာ သွင်းဂိုးသုံးဂိုးအထိ ရှိလာခဲ့တာ ဖြစ်ပါတယ်။

နာပိုလီအသင်းဟာ ဂျီနိုအာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၅ မှတ် ရရှိခဲ့ကာ ရိုးမားအသင်းနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

နာပိုလီအသင်းကို ရှုံးနိမ့်တဲ့ နည်းပြပက်ထရစ်ဗီယဲရာရဲ့ ဂျီနိုအာအသင်းကတော့ စီးရီးအေခြောက်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ တစ်ပွဲမှနိုင်ပွဲမရသေးတာကြောင့် တန်းဆင်းဇုန်အတွင်းမှာပဲ ဆက်လက်ရပ်တည်နေတာ ဖြစ်ပါတယ်။

နိုင်ငံတကာပွဲစဉ်တွေ ယှဉ်ပြိုင်ပြီးပါက နာပိုလီအသင်းဟာ အောက်တိုဘာ ၁၈ ရက်မှာ ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဂျီနိုအာအသင်းကတော့ အောက်တိုဘာ ၁၉ ရက်မှာ ပါးမားအသင်းကို အိမ်ကွင်းမှာဧည့်ခံကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

( ခ ) တပ်မတော်၏ ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်) တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယဆု)ရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်းဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

❖ ကျောဖုံးမှ

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၆.၁၀.၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | ၆.၁၀.၂၀၂၅ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၃ | ၆.၁၀.၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | ၆.၁၀.၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၅ | ၇-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၆ | ၇-၁၀-၂၀၂၅ | အဆန်အထူး(၁) | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၇ | ၇-၁၀-၂၀၂၅ | အဆန်အထူး(၂) | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၈ | ၇-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၉ | ၇-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၁၀ | ၈-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၁၁ | ၈-၁၀-၂၀၂၅ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၁၂ | ၈-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၁၃ | ၈-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |





ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ DEMUတွဲဆိုင်းများဖြင့် ရန်ကုန်-နေပြည်တော် အမှတ်(၇) အဆန်၊ နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် ရထားများဖြင့် ပြေးဆွဲပေးလျက်ရှိရာ ခရီးသွားပြည်သူများ ရထားစီးနင်းမှု များပြားလာသည့်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော် လမ်းပိုင်း၌ အမှတ်(၃၁)အဆန်/ အမှတ်(၃၂)အစုန်ရထားများအား အောက်ပါအချိန်များအတိုင်း **အောက်တိုဘာလ(၉)ရက်နေ့မှ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-**

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၁:၃၀ |
| ၃ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

လမ်းခရီးတစ်လျှောက် ယခင်အတိုင်း တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူနှင့် ပျဉ်းမနားဘူတာတို့တွင် ရပ်တန့်ပေးသွားမည်ဖြစ်ပြီး (၃)မိနစ်ခန့် ရပ်တန့်ပေးသွားမည်ဖြစ်သည်။


ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင်လည်း ဝယ်ယူနိုင်ကြောင်း၊ ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် ငါးရက်ကြိုတင်၍ တယ်လီဖုန်းအမှတ် - ၀၉ ၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉ ၈၈၀၉၄၂၆၀၁(ပျဉ်းမနား)၊ ၀၉ ၈၈၀၉၄၂၆၀၈(ရန်ကုန်)တို့ဖြင့် ကြိုတင်Booking ပြုလုပ်၍ MMQR Code ဖြင့်အသုံးပြုကာ ငွေပေးချေခြင်း၊ တန်းစီခရီးသည်များ လက်မှတ်ဝယ်ယူရာတွင် လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြန်မာ့မီးရထား**


# အပူပိုင်းမုန်တိုင်း“မတ်မို” ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်

**နေပြည်တော် အောက်တိုဘာ ၆**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ် ကုန်းတွင်းပိုင်းနှင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း နယ်စပ်ဒေသတို့ကို ဖြတ်ကျော်ခဲ့သော အပူပိုင်းမုန်တိုင်း“မတ်မို” (MATMO)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိပါသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း “မတ်မို”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် နယ်စပ်ဒေသတို့၌ ယနေ့ညပိုင်းတွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်ကာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

Japan Meteorological Agency (JMA) မှ အပူပိုင်းမုန်တိုင်း “မတ်မို”(MATMO) လမ်းကြောင်းပြပုံ






☆ သုံးနိုင်ငံမှ
တရုတ်(အား/ပညာ) အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် မြန်မာ(ISPE) အသင်းက ဗီယက်နမ် (Hanoi Xide FC) အသင်းကို ၁၁ ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း မြန်မာ (ISPE) အသင်းသည် ပြိုင်ပွဲဝင်အသင်းများကို အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

မြန်မာ(ISPE)အသင်း၏ ပြိုင်ပွဲဝင် ပြိုင်ဘက်အသင်းများဖြစ်သည့် တရုတ် (ဟူလန်း) အသင်း၊ တရုတ်(ကွေ့ကျိုး) အသင်း၊ တရုတ်(လုံနိုင်)အသင်း၊ တရုတ် (အား/ပညာ)အသင်းနှင့် ဗီယက်နမ် (Hanoi Xide FC) အသင်း စုစုပေါင်း အသင်းငါးသင်း၊ မြန်မာအသင်းအပါအဝင် ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ (ISPE)အမျိုးသားဘောလုံးအသင်းအနေဖြင့် လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ပွဲစဉ်တစ်လျှောက် စုစုပေါင်း ရမှတ် ၁၃ မှတ်ဖြင့် ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး ဗီယက်နမ်(Hanoi Xide FC)ဘောလုံးအသင်းက စုစုပေါင်းရမှတ်(၉)မှတ်ဖြင့် ဒုတိယဆုကို ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ဘိလပ်ကြမ်းပိုး

*သိပ္ပံမောင်ဝ*

“ အချို့သောမိဘတို့မှာ ငွေအတော်အတန် ပို့နိုင်သေးသော်လည်း သားများ စာမေးပွဲမအောင်နိုင်ဘဲ နှစ်ပေါင်းများစွာကြာနေသောကြောင့် စိတ်ဆိုး၍ ငွေမပို့ဘဲ ဖြတ်ထားလိုက်ခြင်းဖြစ်ပါသည်။ အချို့သော မိဘတို့မှာလည်း မိမိတို့၏သားများ ဘိလပ်တွင် အင်္ဂလိပ်မလေးများနှင့်ပျော်ပါးနေပြီးလျှင် တေလေဖြစ်နေကြသည်ကို ကြားသောကြောင့် စိတ်ဆိုး၍ ငွေမပို့ခြင်းဖြစ်ပါသည်။ မိဘများထံမှ ငွေမရကြသောအခါ ကြမ်းပိုးကလေးများမှာ ကြမ်းပိုးကြီးများ ဘဝသို့ရောက်သွားကြပါသည်။ ရှိသမျှသော မြန်မာမိတ်ဆွေတို့ထံမှ ငွေချေးကြကုန်၏။ ချေးသွားသောငွေကို ပြန်မပေးနိုင်ကြသောကြောင့် ၎င်းမိတ်ဆွေတို့အား မျက်နှာမပြဝံ့ကြတော့ချေ။ ကျန်အခြားမိတ်ဆွေများထံသွားကာ ပိုက်ဆံချေးကြပြန်၏ ”

ဆရာတို့ နှစ်သစ်ကူး အထူးမဂ္ဂဇင်းကြီးကို ယနေ့ပင်ဖတ်ရပါသည်။ ၎င်းမဂ္ဂဇင်းတွင် ဘိလပ်ပြန်တစ်ယောက် ရေးသားလိုက်သော ဆောင်းပါးသည် ကျွန်တော်၏စိတ်ခတ်ကို လွန်စွာထိခိုက်စေပါသည်။ ၎င်းဘိလပ်ပြန်ဆောင်းပါးကို ရေးသားသူမှာ ကျွန်တော်နှင့် များစွာ ရင်းနှီးသော မိတ်ဆွေဖြစ်သည့်အပြင် ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော်၏ မိတ်ဆွေကဲ့သို့ပင် ဘိလပ်သို့ရောက်စက ဘိလပ်ကြမ်းပိုးများ၏ အညာအလိမ့်ကိုခံခဲ့ရသူတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော်တို့ နှစ်ယောက်တည်းသာမဟုတ်။ မြန်မာပြည်မှ ဘိလပ်သို့ရောက်ခါစ ကျောင်းသားတိုင်းလိုလိုပင် ထိုဘိလပ်ကြမ်းပိုးတို့ အလိမ်အညာ အနှပ်ကို ခံကြရပါသည်။ အချို့မှာ ၎င်းတို့၏ခတ်ကိုသိသွားသဖြင့် စောစောက ရှောင်ရှား၍သွားကြပါသည်။ အချို့မှာလည်း ၎င်းတို့ကဲ့သို့ပင် ကြမ်းပိုးဘဝသို့ရောက်သွားပြီးလျှင် စာကိုလည်းမသင်၊ မိတ်ဆွေကောင်းများနှင့်လည်းမပေါင်းဘဲ တေလေဘဝသို့ ရောက်သွားကြပါသည်။

၎င်းကြမ်းပိုးများ ဘိလပ်တွင် ရှိနေကြသောကြောင့် ဘိလပ်သို့ လာကြသော မြန်မာအမျိုးသားများ လွန်စွာမှပင် နစ်နာကြပါသည်။ ၎င်းမြန်မာဘိလပ်ကြမ်းပိုးတို့မှာ မြန်မာကျောင်းသားလူငယ်များ၏ အသွေးအသားကို စုပ်ယူနေကြသည်နှင့်တူပါသည်။ ၎င်းတို့ခတ်ကို မသိကြသော မြန်မာကျောင်းသားကလေးတို့မှာ ၎င်းတို့၏ လှည့်စားခြင်းကို အမှန်မုချခံကြရပေလိမ့်မည်။ နောင် ဘိလပ်သို့လာမည့် မြန်မာကျောင်းသားများ၏အကျိုးငှာ ၎င်းမြန်မာဘိလပ်ကြမ်းပိုးတို့၏ အကြောင်းကို ရေးလိုက်ရခြင်းဖြစ်ပါသည်။

ဘိလပ်တွင် မြန်မာဘိလပ်ကြမ်းပိုး လေး၊ ငါးယောက်ရှိပါသည်။ ၎င်းတို့ ဘိလပ်သို့ရောက်နေကြသည်မှာ နှစ်ပေါင်းအတော်ပင်ကြာပါပြီ။ အချို့မှာ ရှစ်နှစ်၊ အချို့မှာ ဆယ်နှစ်၊ အချို့မှာ ဆယ့်ငါးနှစ်လောက်ပင် ကြာပါပြီ။ မြန်မာပြည်ဆန်ဈေး၊ စပါးဈေးကောင်းတုန်းက မိဘများ ဂုဏ်ယူလိုကြသောကြောင့် ဘိလပ်သို့လွှတ်သော ကျောင်းသားများ ဖြစ်ကြပါသည်။ ဘီအေမအောင်သေးခင်က ဘိလပ်သို့ ရောက်နေကြသူများ ဖြစ်ကြပါသည်။

ဘိလပ်ကြမ်းပိုးများအနက် ဘီအေအောင်ပြီးမှ ဘိလပ်သို့ ရောက်သူ တစ်ယောက်မျှမရှိပါ။ ဂုဏ်မက် ပိုက်ဆံပေါသောမိဘများက မိမိတို့၏သားများအား ဆယ်တန်းမအောင်ခင်၊ အိုင်အေမအောင်ခင်က လွှတ်ထားကြသော ကျောင်းသားများဖြစ်ကြပါသည်။ ဘိလပ်သို့ ရောက်သွားကြသောအခါ ဘီအေမအောင်ကြသေးသောကြောင့် ဝတ်လုံစာပေများကို မသင်ကြရပါ။ ဝတ်လုံပညာရပ်များကို သင်ကြားရန် လန်ဒန် မက်ထရိတ်ခေါ် အတန်းကိုအောင်ရန် ကြိုးစားကြရပါသည်။ ၎င်းတို့တွင် ပညာအခြေခံကလည်းမရှိ၊ ပျင်းကလည်းပျင်း၊ အပျော်အပါးကလည်းလိုက်၊ လက်တင်ဘာသာကလည်းခက်သဖြင့် လန်ဒန် မက်ထရိတ် စာမေးပွဲကိုမအောင်ဘဲ နှစ်စဉ်ပင်ဆက်လက်၍ ကျရှုံးနေကြပါသည်။ အချို့လည်း စာမေးပွဲကိုပင် ဝင်မဖြေပါ။ မိဘဆွေမျိုးတို့၏ ငွေကိုမှာပြီး ထင်သလို သုံးစွဲနေကြပါသည်။

၎င်းတို့ဖြုန်းသောကြောင့် မြန်မာပြည်ရှိ မိဘဆွေမျိုးတို့မှာ အတော်ပင် ကြွေးငွေကုန်ခန်း၍သွားပါသည်။ ဤကဲ့သို့ ၎င်းပုဂ္ဂိုလ်ကြီးများ ငွေဖြုန်း၍ကောင်းတုန်းမှာပင် မြန်မာပြည်တွင် စပါးဈေး၊ ဆန်ဈေးက အဆမတန်ကျသွားသောကြောင့် မိဘဆွေမျိုးအပေါင်းတို့မှာ အတော်ပင်ခက်ကုန်ကြပါသည်။ သားများအတွက် ဘိလပ်သို့ ငွေပို့ရသည်မှာ ဝန်လေး၍လာကြပါသည်။ အချို့မိဘတို့မှာလည်း ဆင်းရဲသွားသောကြောင့် အလျှင်းငွေမပို့နိုင်တော့ပါ။ သားများ မြန်မာပြည်သို့ ပြန်လာရန်ကိုသာ စာရေးလေတော့သည်။ သားများ ပြန်လာရန် စရိတ်လောက်ကိုသာ ရှာကြံပေါင်နှံ၍ ပို့လိုက်နိုင်ပါသည်။ အချို့သောမိဘတို့မှာလည်း ထပ်မံ၍ ငွေပို့နိုင်သော်လည်း သားများ စာမေးပွဲမအောင်နိုင်သောကြောင့် စိတ်ပျက်ပြီးလျှင် မြန်မာပြည်သို့ ပြန်ခေါ်ကြပါသည်။

ဘိလပ်ကို နတ်ပြည်ဟူ၍ ထင်မှတ်နေကြသောသူတို့မှာ မြန်မာပြည်သို့ ပြန်လာရမှာကို ငရဲပြည်ထက်ပင်ကြောက်ပါသေးသည်။ သို့ဖြစ်သောကြောင့် မိဘများက ပြန်လာရန်စာရေးကြ၊ ကြေးနန်းရိုက်ကြသော်လည်း ပြန်မလာကြပါ။ ဘွဲ့တစ်စုံတစ်ရာကိုမျှမရဘဲ မြန်မာပြည်သို့ ပြန်လာရမှာကို ရှက်သည်ဟု ပြောကြပါသည်။ မြန်မာပြည်သို့ ရောက်လာသောအခါ အလုပ်အကိုင်ကောင်းကောင်းကို မရမှာကိုလည်း ကြောက်ကြသည်ဟု ပြောကြပါသေးသည်။ ဘိလပ်တွင်နေစဉ်က မိဘတို့၏ငွေကို တစ်လလျှင် သုံးရာ၊ လေးရာ သုံးစွဲပြီးလျှင် မြန်မာပြည်သို့ရောက်လာသောအခါ တစ်လနှစ်ရာလောက်ရသော အလုပ်ကိုပင် ရရန်ခဲယဉ်းကြောင်းကို သိကြသောကြောင့်လည်း မြန်မာပြည်သို့ မပြန်လိုကြပါ။ ဘယ်လိုပဲဖြစ်ဖြစ် လန်ဒန်မြို့မှာသာ ခိုကပ်ပြီးနေတော့မည်ဟုကြံပြီးလျှင် မိဘတို့က မြန်မာပြည်သို့ပြန်ရန် ပို့လိုက်သော စရိတ်များကို ဘိလပ်မှာပင် သုံးစွဲပစ်လိုက်ကြပါသည်။ မိဘများထံသို့ကား တော်စွာလျော်စွာ စာရေးသားလိုက်ကြပါသည်။

နောက်ဆုံးတွင် ၎င်းကျောင်းသားတို့မှာ မိဘများထံမှ ငွေမရကြတော့ပါ။ အချို့သောမိဘတို့မှာ ဘိလပ်နေသားများအား ထောက်ပံ့ရသည်က တစ်မျိုး၊ ဆန်ဈေး၊ စပါးဈေးကျသည်က တစ်မျိုးတို့ကြောင့် ဆင်းရဲသွားကြပြီးလျှင် သားများထံသို့ ငွေမပို့နိုင်ခြင်းဖြစ်ပါသည်။

အချို့သောမိဘတို့မှာ ငွေအတော်အတန် ပို့နိုင်သေးသော်လည်း သားများ စာမေးပွဲမအောင်နိုင်ဘဲ နှစ်ပေါင်းများစွာ ကြာနေသောကြောင့် စိတ်ဆိုး၍ ငွေမပို့ဘဲ ဖြတ်ထားလိုက်ခြင်းဖြစ်ပါသည်။ အချို့သော မိဘတို့မှာလည်း မိမိတို့၏သားများ ဘိလပ်တွင် အင်္ဂလိပ်မလေးများ နှင့် ပျော်ပါးနေပြီးလျှင် တေလေဖြစ်နေကြသည်ကို ကြားသောကြောင့် စိတ်ဆိုး၍ ငွေမပို့ခြင်းဖြစ်ပါသည်။ မိဘများထံမှ ငွေမရကြသောအခါ ကြမ်းပိုးကလေးများမှာ ကြမ်းပိုးကြီးများ ဘဝသို့ရောက်သွားကြပါသည်။ ရှိသမျှသော မြန်မာမိတ်ဆွေတို့ထံမှ ငွေချေးကြကုန်၏။ ချေးသွားသောငွေကို ပြန်မပေးနိုင်ကြသောကြောင့် ၎င်းမိတ်ဆွေတို့အား မျက်နှာမပြဝံ့ကြတော့ချေ။ ကျန်အခြားမိတ်ဆွေများထံသွားကာ ပိုက်ဆံချေးကြပြန်၏။

ထိုမိတ်ဆွေများ၏အကြွေးကို ပြန်မဆပ်နိုင်သောကြောင့် မျက်နှာမပြဝံ့ဘဲ ရှိကြပြန်၏။ ဤသို့အလှည့်ကျ မိတ်ဆွေတို့ထံမှ ပိုက်ဆံချေးသွားကြသည်မှာ လေးငါးခြောက်လခန့်ကြာသောအခါ မိတ်ဆွေစေ့၍သွားပါသည်။ ထိုအခါ မြန်မာပြည်မှ မိတ်ဆွေတို့ထံ စာရေးပြီးချေးပြန်ပါသည်။ နှစ်လ၊ သုံးလခန့်ကြာသောအခါ မိတ်ဆွေများ စေ့သွားကြပြန်ပါသည်။ ၎င်းတို့၏အကြောင်းကို သိသွားကြသော ဘိလပ်နေမိတ်ဆွေ၊ မြန်မာပြည်မှ မိတ်ဆွေအပေါင်းတို့မှာ ၎င်းတို့အား ငွေမချေးကြတော့ပါ။ ထိုအခါ ဘိလပ်နေမိတ်ဆွေတို့ထံ ကပ်ရပ်၍ စားကြပြန်ပါသည်။ အဝတ်အစားများကို ကပ်ရပ်၍ ဝတ်ကြပြန်ပါသည်။ သို့သော် မိတ်ဆွေတို့မှာ ကြာကြာသည်းမခံနိုင်တော့သဖြင့် အကပ်မခံကြတော့ပါ။ ၎င်းတို့ကိုမြင်လျှင် ဝေးဝေးကရှောင်တိမ်း၍ ထွက်ပြေးလေ့ ရှိကြပါသည်။

ဤသို့ မိတ်ဆွေများထံတွင် ကပ်ရပ်စားသောက်၍ မရသောအခါ ဉာဏ်နီဉာဏ်နက်တို့ကို ထုတ်ကြပြန်ပါသည်။ မြန်မာပြည်မှ ကျောင်းသားသစ်လေးများ လာမည်ကိုသိလျှင် စောင့်၍နေကြပါသည်။ မြန်မာပြည်မှ ကျောင်းသားသစ်လေးများ ရောက်လာသည်နှင့် တစ်ပြိုင်နက် ၎င်းကြမ်းပိုးများပေါက်လာကြပြီးလျှင် အမျိုးမျိုးလှည့်စားကြပါသည်။ မြန်မာပြည်မှ ဝယ်လာချုပ်လာသော အင်္ကျီများမှာ ပုံမကျကြောင်း၊ လန်ဒန်မြို့တွင် ပုံကျကျချုပ်နိုင်သော ဆိုင်ကောင်းများ ရှိကြောင်းပြောပြီးလျှင် ၎င်းတို့၏မိတ်ဆွေဆိုင်များသို့ ခေါ်သွားလေ့ ရှိလေသည်။

မြန်မာပြည်မှရောက်ခါစ ကျောင်းသားတို့မှာလည်း တောသားမြို့တက်သကဲ့သို့ ၎င်းတို့ပြောသမျှကို ယုံကြည်ကြရပါသည်။ အင်္ကျီ အဝတ်အစားကို ချုပ်သောအခါတွင်လည်း အဖိုးကြီးသော အဝတ်အစားများကိုမှ အချုပ်ခိုင်းပါသည်။ ဆိုင်ရှင်များကား ၎င်းတို့နှင့် ကျိတ်ထားကြသောကြောင့် အင်္ကျီ၊ ဘောင်းဘီတစ်စုံလျှင် ၎င်းတို့ အတွက် တစ်ပေါင်၊ နှစ်ပေါင် ပို့ထားပါသည်။ ထို့နောက် တရုတ်ဆိုင်များသို့ ခေါ်သွားပါသည်။ ကျောင်းသားသစ်များက ကျသလောက်စရိတ်ကို ခံကြရပါသည်။ တရုတ်ဆိုင်မှ သူငယ်မကလေးများနှင့် အသိဖွဲ့ပေးပြီးလျှင် ကပွဲများသို့ ခေါ်သွားလေ့ရှိပါသည်။ စရိတ်ကိုလည်း ကျောင်းသားသစ်များက ပေးရပါသည်။

ထို့နောက် ခွေးပွဲ၊ မြင်းပွဲများသို့ ခေါ်သွားကြပြန်ပါသည်။ သူတို့ လောင်းဖို့ရော၊ စားသောက်ဖို့ရော၊ သွားစရိတ်လာစရိတ်ရော လူသစ်များက ပေးရပါသည်။ ကျောင်းသားသစ်များ ရောက်စအခါတွင် ၎င်းဘိလပ်ကြမ်းပိုးများမှာ ရတနာပုံဆိုက်နေကြပါသည်။ ဤသို့ စားသောက်၍ဝ၊ ပျော်ပါး၍ဝလာသဖြင့် ကျောင်းသားသစ်များ ရိပ်မိခါနီးသောအခါ ၎င်းကျောင်းသားသစ်တို့ထံမှ ငွေ ၁၀ ပေါင်၊ ၁၅ပေါင်စသဖြင့် ချေးကြလေတော့သည်။ မြန်မာပြည်မှရောက်ခါစ လူသစ်များလက်တွင် ငွေအတော်များများ ပါလာသောကြောင့် ရွှေဒင်္ဂါး ၁၀ ပြားမှာ များလှသည်မထင်ကြပါ။ ဤသို့ ငွေချေးပြီးနောက် မျက်နှာမပြတော့ပါ။ မြန်မာပြည်မှ နောက်ထပ်ရောက်မည့်လူသစ်များကိုသာ မျှော်နေလေတော့သည်။

၎င်းတို့ လှည့်ပတ်ခြင်းကိုခံကြရသော သူတို့အနက် စာကို ကောင်းစွာမသင်နိုင်ဘဲ လေလွင့်သွားကြသူတို့လည်း အများပင်ရှိပါသည်။ အချို့လည်း မကောင်းသော အပျော်အပါးတို့နှင့်သာ အချိန်ကုန်နေကြပါတော့သည်။ အချို့လည်း ၎င်းတို့ ဂိုဏ်းသားလုံးလုံး ဖြစ်သွားကြပါတော့သည်။ အချို့သာလျှင် နောင်တရပြီး စာဘက်ကို ဆက်လက်လိုက်စားနိုင်ကြပါသည်။ ကျွန်တော်ကိုယ်တိုင်ပင် ၎င်းတို့၏လှည့်ပတ်ဖြားယောင်းခြင်းကို ခံခဲ့ရသောကြောင့် တစ်နှစ်ခန့် စာမသင်ကြားဘဲ နေခဲ့ပါသည်။ နောက်မှနောင်တရ၍ စာကိုဆက်လက်ကြိုးစားရပါသည်။ ကျွန်တော်၏မိတ်ဆွေကား လုံးလုံးပျက်စီး၍သွားပါသည်။

ဤဘိလပ်ကြမ်းပိုးများ၏ လှည့်စားခြင်းကို မခံရစေရန် နောင် ဘိလပ်သို့ လာမည့်သူများအကျိုးငှာ ဤဆောင်းပါးကို ရေးသားပေးပို့ လိုက်ပါသည်ခင်ဗျား။ ။

**၁၉၃၅ ခုနှစ်၊ ဇွန်၊ ကြီးပွားရေးမဂ္ဂဇင်း။**

# သီတင်းကျွတ်လပြည့် ( အဘိဓမ္မာအခါတော်)နေ့တွင် အမရပူရမြို့ရှိ ဦးပိန်တံတား၌ လာရောက်လည်ပတ်သူများ စည်ကား



အမရပူရ အောက်တိုဘာ ၆

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ဆင်စွယ်ပွတ်ရပ်ကွက်ရှိသမိုင်းဝင် ဦးပိန်တံတား၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော မိဘပြည်သူများဖြင့် စည်စည်ကားကားရှိခဲ့ကြောင်း သိရသည်။

အဆိုပါအနယ်နယ်အရပ်ရပ်မှလာရောက်လည်ပတ်ကြသောဧည့်သည်တော်များ ဘေးကင်းလုံခြုံစေရေးအတွက် ဆင်စွယ်ပွတ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေ ဦးစီးသော အုပ်ချုပ်ရေးအဖွဲ့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သမိုင်းဝင်ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူ စစ်ကိုင်းမြို့မှ ဦးမျိုးဝင်းက "ကျွန်တော် ဒီတံတားကို ဥပုသ်နေ့တိုင်းလိုလို ရောက်ဖြစ်တယ်။ ဒီလောက်စည်ကားလိမ့်မယ် မထင်ထားဘူး။ တော်တော်ကြီးကို စည်ကားပါတယ်။ ဒီတံတားမှမဟုတ် မန္တလေးတန်ခိုးကြီးဘုရားတွေလည်း တိုးမပေါက်ပါဘူး"ဟု ပြောသည်။

ဦးပိန်တံတား၌ ဆိုင်ကယ်၊ ကားအပ်လက်ခံဆောင်ရွက်နေသူ ဦးနိုင်က "မနက်ကတည်းက ဆိုင်ကယ်၊ ကားအတွက် မနည်းကို နေရာရှာပေးနေရတာ။ ဒီနှစ်ပိုစည်ကားတယ်လို့ ပြောလို့ရတယ်"ဟု ပြောသည်။

**စိုးသီဟ(အမရ)**



# သရက်ချောင်းမြို့၌ သီတင်းကျွတ်လပြည့်နေ့ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်းများဖြင့် စည်ကား

သရက်ချောင်း အောက်တိုဘာ ၆

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့၌ သီတင်းကျွတ်လပြည့်အခါသမယတွင် ဘုရားကျောင်းကန်၊ စေတီပုထိုးများ၌ ဆွမ်းတော်ကြီးတင်ပွဲများ ဆောင်ရွက်ခြင်း၊ ဝတ်ရွတ်အဖွဲ့များက အဘိဓမ္မာဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ စေတနာရှင်မိသားစုက စတုဒိသာများ ကျွေးမွေးခြင်းဖြင့် စည်ကားလျက်ရှိသည်။

သရက်ချောင်းမြို့နေ စေတနာရှင်မိသားစုက ယနေ့ညနေပိုင်းတွင် မြို့မရပ်ကွက်ရှိ မြို့ဦးစေတီတော်၌ အများပြည်သူတို့အား အာဟာရဒါနပြုကြခြင်း၊ စားသောက်ကုန်များလှူဒါန်းခြင်းဖြင့် ကုသိုလ်ကောင်းမှုများပြုကြပြီး ညနေ ၄ နာရီတွင် ကံစမ်းမဲအစဉ်အစီဖြင့် နိဗ္ဗာန်ဈေးပွဲတော်ကို ကျင်းပကြကာ ကလေး၊ လူရွယ်၊ လူကြီးများက ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**နန်းခလိုက်( သရက်ချောင်း)**

# သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ကောင်းမှုပြုသူများဖြင့် စည်ကား

ရွှေကျင် အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာတို့၏ဝါကျွတ်ကာလ ကောင်းမှုကုသိုလ်များ အစဉ်အလာမပျက် ပြုလုပ်လေ့ရှိရာ ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ပြုလုပ်ရာ၌ သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်များအား ဆွမ်းများကပ်လှူပူဇော်ခြင်း၊ ဘုရားပုထိုးစေတီများအား ရေသပ္ပာယ်ခြင်း၊ ဘိုးဘွားမိဘများအား ပူဇော်ကန်တော့ခြင်း၊ စုပေါင်းသန့်ရှင်းရေး ကုသိုလ်ပြုကြခြင်း၊ သားငါးများဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အာဟာရဒါန စတုဒိသာကျွေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် သမိုင်းဝင် အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ ဆွမ်းတော်ကြီးတင်ကပ်လှူရန် သစ်သီးများ၊ ဆွမ်းဗန်းများ၊ ပန်းနံ့သာများ ဆက်ကပ်နိုင်ရေးစီစဉ်ပေးထားပြီး ညနေ ၆ နာရီတွင် ဆီမီးတစ်ထောင် ဆက်ကပ်ပူဇော်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**




**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ရတနာပုံလမ်း၊မြေကွက်အမှတ်(၂၃၈၃)ဧရိယာ(၄၀' × ၆၀')ရှိသော မြေချပါမစ်အမျိုးအစား ဦးကျော်ဝမ်း(C/RGN-၀၀၅၆၅၄)အမည်ပေါက်သည့်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ပါမြေကွက်သည် မြေချပါမစ်တွင် ဦးကျော်ဝမ်း အမည်ပေါက်ပြီး အရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရဝယ်ယူထားသူ-ဦးသန်းဝင်း(၁၂/သဃက(နိုင်)၀၀၄၈၃၄)ကအရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၅)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် ( LL-B )** အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09 253995848 , 09-798420119

**ဒေါ် ဟန်စန္ဒာနိုင်( LL-B)** အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



**အများသိစေရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၇)ရပ်ကွက်၊ ပညာသီရိလမ်းရှိ မြေတိုင်း(၇၇)၊ မြေကွက်အမှတ်(၁၁၆)၊ မြေကွက်အကျယ်အဝန်း(၄၀ x ၆၀)ပေ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ အမည်ပေါက် (က)ဒေါ်မြင့်မြင့်လှိုင်[၁၂/တမန(နိုင်)၀၅၁၈၇၅]၊ (ခ)ဦးထွန်းထွန်းဦး[၁၂/တမန(နိုင်)၀၇၆၁၂၁]၊ (ဂ)ဒေါ်သန်းသန်းထွေး[၁၂/တမန(နိုင်)၁၃၂၂၁၉]၊ (ဃ)ဒေါ်စုစုမာ[၁၂/တမန(နိုင်)၁၂၄၂၉၅]၊ (င)ဦးထွန်းထွန်းနိုင်[၁၂/တမန(နိုင်)၁၄၃၆၉၂]တို့ (၅)ဦးမှ ပိုင်ဆိုင်သောမြေကွက်ကို ကာလ တန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် ကမ်းလှမ်းရာ၌ ဒေါ်သူဇာဦး(ခ)သန္တာဦး[၁၂/တမန(ဧည့်)၀၀၀၃၁၇]မှ ၃-၁၀-၂၀၂၅ ရက်နေ့တွင် ဝယ်ယူရန် သဘောတူညီပါသဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာဦး(ခ)ဒေါ်သန္တာဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**



**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ်(၃၃)၊ အခန်း(ပထမထပ်)၊ (ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝင်းဇော်[၇/ပတတ(နိုင်)၀၆၆၈၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်ဝင်း[၁၂/ဗတထ(နိုင်)၀၃၀၆၄၉]က ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပပခင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၂၀၄)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၈၃၉၆၂၁**



**အများသိစေရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀/၃၃)ရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်(၃၀၁/ခ)ရှိ မြေတိုင်းရပ်ကွက်(၃၃)၊ မြေကွက်အမှတ် (၃၀၁/ခ)၊ နှစ်(၆၀)မြေငှားဂရန်၊ (၂၀ x ၆၀)ပေ၊ အမည်ပေါက် ဒေါ်သန်းသန်းစိုး [၁၂/ခရန(နိုင်)၀၀၀၉၀၂]ထံမှ ဦးဇင်လှိုင်[၁၃/တကန(နိုင်)၂၁၅၀၆၄]၊ ဒေါ်နုနုလှိုင်[၁၃/ရစန(နိုင်)၀၇၇၁၄၁]တို့မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ရောင်းချရာ၌ ဒေါ်ဖူးဝါဝါလွင်[၁၄/လပတ(နိုင်)၂၀၅၉၆၀]မှ ဝယ်ယူရန်သဘောတူညီပါသဖြင့် ၃-၁၀-၂၀၂၅ ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖူးဝါဝါလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ(စဉ်-၃၀၈၀၇)**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉ - ၇၈၅၀၁၁၁၅၃**



**စာအုပ် စာပေ လှူ့မိတ်ဆွေ**



**ပတ်စ်ပို့ပျောက်**

(ဘ) ဦးကျော်ကျော်ထိုက်၏သား မောင်ဇင်ကိုထက် [၁၄/ငသခ(နိုင်)၀၂၈၄၅၇]သည် နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၁၂၄၁၁၉


# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

❖ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်...

❖ အစကောင်းမှ အနှောင်းသေချာမည် ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျ ဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများ အသုံးပြု၍ စနစ်တကျမြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည် အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပင်လောင်း လမ်းဆုံအနီးရှိ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်း စီမံကိန်းနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ယနေ့ ဖတ်စရာ

**ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအစီအစဉ်အား အီဂျစ်က တာဝန်ယူပံ့ပိုးပေးရန် ဟားမတ်စ်အဖွဲ့က တောင်းဆို**

စာမျက်နှာ » ၁၃

**တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်၊ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ » ၁၅

# သီတင်းကျွတ်ကာလပိတ်ရက်အတွင်းDEMU အထူးရထားများတိုးချဲ့ပြေးဆွဲ ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားနှစ်စင်း နေ့စဉ်ပြေးဆွဲပေးမည်

နေပြည်တော် အောက်တိုဘာ ၆

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ် အထူးရထားများကို အောက်ပါအတိုင်း ပြေးဆွဲပေးလျက်ရှိသည်-

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖



# သုံးနိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ (ISPE)ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၆

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့၌ ကျင်းပသည့် သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE)အမျိုးသားဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြသုံးဦးနှင့် အားကစားသမား ၁၇ ဦး စုစုပေါင်းအင်အား ၂၀ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။



သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ပွဲစဉ် တစ်လျှောက် အောက်တိုဘာ ၁ ရက်တွင် မြန်မာ(ISPE) အသင်းသည် တရုတ်(ဟူလန်း)အသင်းနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် မြန်မာ(ISPE) အသင်းက တရုတ်(ကွေ့ကျိုး)အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် မြန်မာ (ISPE) အသင်းက တရုတ်(လုံနိုင်) အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ ဖြင့် လည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် မြန်မာ (ISPE) အသင်းက

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ☆

# လက်ရှိချန်ပီယံ နာပိုလီအသင်း စီးရီးအေအမှတ်ပေးဇယားထိပ်၌ ဦးဆောင်

အီတလီစီးရီးအေ လက်ရှိချန်ပီယံ နာပိုလီအသင်းဟာ အောက်တိုဘာ ၅ ရက်ညပိုင်းက ဂျီနိုအာအသင်းနဲ့ ပွဲစဉ်မှာ ဂျီနိုအာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဂျီနိုအာအသင်းက ပထမပိုင်းပွဲကစားချိန် ၃၃ မိနစ်မှာ အက်ခါတာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် နာပိုလီ အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်မှာ အန်ဂွစ်ဆာကတစ်ဂိုး၊ ၇၅ မိနစ်မှာ ဟွိုက်လန်းကတစ်ဂိုးရရှိခဲ့လို့ ဂျီနိုအာအသင်းကို အနိုင် ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✪



နာပိုလီအသင်းနှင့် ဂျီနိုအာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။